SAMPLE BOOK



# ဂျူး

# သားပိုက်ကောင်နေ့ရက်များ

mgyoe.com

SAMPLE BOOK

# ဂျူး


## သားပိုက်ကောင်နေ့ရက်များ



TPKNYM_6000MMK

4 471268 257080

mgyoe.com
SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ဩဂုတ်လ၊ ၂၀၂၃၊ ဇလပ်နီစာပေ ။ |
| သားပိုက်ကောင်နေ့ရက်များ | - | ရေအေး |
| မျက်နှာဖုံးပန်းချီ | - | မြင့်မောင်ကျော် |
| စာတည်း | - | ဇသစ်ထွန်း |
| အတွင်းအပြင်အဆင် | - | ဇလပ်နီ |
| စာအုပ်ချုပ် | - | ဗူးပွင့်မွှေးစာအုပ်ချုပ်လုပ်ငန်း |
| အုပ်ရေ | - | ၇၀၀ |
| ဖြန့်ချိရေး | - | ဇလပ်နီစာပေ |
| | | ၀၉၈၀၉၉၆၄၀၆၆၈ ၊ ၀၉၄၄၇၂၆၈၂၆၇ |
| | | *www.zalatnisarpay.com* |
| ရောင်းဈေး | - | ၆၀၀၀ ကျပ် |

ဦးခင်းထက်ဟန်၊ တောင်ဇလပ်နီစာပေ (၀၂၇၇၄) က ထုတ်ဝေ၍ ပုံရိပ်ရှင် ပုံနှိပ်လုပ်ငန်း၊ (၀၀၈၃၆)၊ အမှတ်(၈)၊ အိပ်ကြီးလမ်း၊ ဝဇ္ဇန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

၈၀၈.၈၄

ရေအေး

သားပိုက်ကောင်နေ့ရက်များ၊ ရေအေး- ရန်ကုန်။

ဇလပ်နီစာပေတိုက်၊ ၂၀၂၃။

စာ-၂၇၆ ၊ ၁၃.၉ × ၂၀.၇ စင်တီ

(၁) သားပိုက်ကောင်နေ့ရက်များ

ဇလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK

အစ ဆိုပေမဲ့ အမှန်တကယ် အစ မဟုတ်ဘူး။
အစရဲ့ အရှေ့မှာ အဖြစ်အပျက်တွေ ဖြစ်ပျက်ခဲ့ပြီးပြီ။

■



mgyoe.com

mgyoe.com SAMPLE BOOK

၁။

မနက်ခင်း ဝေလီဝေလင်းအချိန်၊ အိမ်တွေရဲ့အောက် တရုပ်ရုပ် ခြေသံနဲ့ လျှောက်သွားပြီး သားကောင် ရှာဖွေနေတဲ့ ကြောင်တွေ ထွက်သွားပြီး မကြာခင်မှာပဲ ဖိုးနီတို့ ရွာက ထွက်ခဲ့ကြတယ်။

"ကြောင်တွေ မရှိတော့ဘူး"

တစုံတယောက် အော်ပြောလိုက်တဲ့ အသံကြောင့် ဖိုးနီ အိပ်မက်က လန့်နိုးလာတယ်။ အချိန်က မိုးမလင်းသေးဘူး။ အိမ်တခုလုံး မှောင်မိုက်ပြီး တိတ်ဆိတ်နေတယ်။ ဘာသံမှ မကြားရဘူး။ အခု ဘယ်အချိန် ရှိပြီလဲ။ လွန်ခဲ့တဲ့ အချိန်ခဏကပဲ ဖိုးနီ ကျောင်းနောက်ကျပြီး မောကြီးပန်းကြီး ဆိုက်အောင် ပြေးနေရတယ်။ သူ့နှလုံး တောင် တလှပ်လှပ် တုန်နေတုန်း။ ဒါပေမဲ့ အခြေအနေက ရုတ်တရက် ပြောင်းလဲသွားတယ်။ ဖိုးနီ အမှောင်ထုထဲမှာ သူ့ကိုယ်သူ ရုတ်တရက် တွေ့လိုက်ရတယ်။ ဘာတွေဖြစ်ကုန်တာလဲ။ ဖိုးနီ ဇဝေဇဝါ ဖြစ်နေတယ်။ ပူလိုက်တာ။ သူ့အင်္ကျီမှာ ချွေးတွေ စိုရွှဲနေတာကို ဖိုးနီ သတိထားမိလိုက်တယ်။ နောက်တော့ ညရောက်တဲ့အထိ သူ တရက်လုံး မနိုးဘဲ အိပ်ပျော်နေခဲ့တာလား၊ အခု ဘယ်နှနာရီ ထိုးပြီလဲ၊ မှောင်တောင်နေပြီဆိုတော့ ညက အတော်လင့်နေပြီလားလို့ တွေးမိတယ်။ သူ ကျောင်းကို နည်းနည်းပါးပါး နောက်ကျတာမျိုး မဟုတ်ဘဲ တရက်လုံး နောက်ကျသွားတာလားပေါ့။ အဲဒီနောက် ခဏတုန်းက လျှင်လျှင်မြန်မြန် ပြေးလွှားနေတဲ့ ခြေထောက်တွေကို ဖိုးနီ သတိရသွားတယ်။ အဲဒီခြေထောက်တွေက သူ့ရဲ့ ခြေထောက်တွေ မဟုတ်ဘူး။ သူ့ရဲ့ အပြင်က ညာခြေထောက်က မည်းညစ်ညစ် သစ်ကိုင်းခြောက်လိုမျိုး ဖြစ်နေတာ၊ ငယ်ငယ်တုန်းက ဆေးထိုး မှားလို့ သိမ်သွားတာတဲ့၊ အမေ ပြောဖူးတယ်။ အခု ပြေးနေတဲ့ ခြေထောက်တွေက စိမ်းစိုတဲ့ အရွယ်ညီ သစ်ကိုင်းနှစ်ခုလိုပဲ၊ သန်သန်မာမာ ခိုင်ခိုင်ခံ့ခံ့နဲ့ လှုပ်ရှားပြေးလွှားနေတာ။ တွေးရင်း အိပ်ရာပေါ်မှာ လဲလျောင်းနေတဲ့ သူ့ကိုယ်သူ ဖိုးနီ သတိထားမိတယ်။ သူ ပြေးနေတာ မဟုတ်ဘူးပဲ၊ သူ အိပ်နေတာပဲပေါ့။ တချိန်



mgyoe.com

mgyoe.com SAMPLE BOOK

တည်းမှာပဲ မျက်စိရှေ့ မြင်ရတဲ့ အမှောင်နဲ့ ဆက်စပ်မိတယ်။ အဲဒီနောက်တော့ သူ ခဏက အိပ်မက် မက်နေတာပဲ ဆိုတာကို ဖိုးနီ သိသွားတယ်။

ဘယ်အချိန် ရှိပြီလဲ။ သူ အိပ်မက်က လန့်နိုးလာတာကို သိတယ် ဆိုရင်ပဲ ဖိုးနီရဲ့ အတွေးတွေက အချိန်ဆီကို ရောက်သွားတယ်။ ကြောင်တွေ မရှိတော့ဘူးလို့ ကြားလိုက်တဲ့ အသံသဲ့သဲ့ကိုလဲ သတိရတယ်။ လူက အိပ်ရေး မပြယ်သလို ဖြစ်နေပြီး စကားတွေရဲ့ အဓိပ္ပါယ်ကို ရုတ်တရက် နားမလည်ဘူး။ ဘာကို ပြောတာလဲ၊ ဘယ်က ကြောင်တွေလဲနဲ့ စဉ်းစားပေမဲ့ အဖြေ မရဘူး။ အဲဒီလို စဉ်းစားနေရင်း အတွေးတွေက အိပ်မက်ထဲက ခြေထောက်တွေဆီကို ဝဲပြန်လှည့်သွားသေးတယ်။ အိပ်မက်ထဲက ခြေထောက်တွေသာ အပြင်မှာ တကယ်ရှိရင် ဘယ်လောက် ကောင်းမလဲ၊ သူ့ ခြေထောက်တွေ အဲဒီလိုမျိုး ကောင်းချင်လိုက်တာပေါ့။

"နိုးပြီလား"

ဖိုးနီ အိပ်ရာပေါ် လှဲနေတာကနေ ထထိုင်လိုက်တယ်။ အောက်ခံကြမ်းခင်းဆီက ကျီခနဲ အသံထွက်လာတယ်။ အဲဒီနောက် အမှောင်ထဲကနေ လှမ်းမေးတဲ့ သူ့ အဘွား ဒေါ်မြကျေးရဲ့ အသံကို ဖိုးနီ ကြားလိုက်ရတယ်။ အဘွားက ဖိုးနီရဲ့ အဖြေကို သိချင်လို့ မေးတာ ဟုတ်ပုံ မရဘူး။ ဖိုးနီ အိပ်ရာက နိုးလာကြောင်း သူသိတဲ့ အသိကို သေချာအောင် တကိုယ်တည်း ရေရွတ်ပုံမျိုးလို့ ပြောရမလားပဲ၊ ဖိုးနီ ပြန်ဖြေတဲ့ အဖြေကို မစောင့်ဘဲ 'မီးဖိုချောင်ထဲက စားပွဲပေါ်မှာ ထမင်း ခူးထားတယ်၊ မြန်မြန် စားလိုက်' လို့ သူ ပြောချင်တာကို ဆက်ပြောတယ်။ ဒါပေမဲ့ ဖိုးနီက အဲဒီအချိန်အထိ အိပ်မှုန်စုံမွှား ဖြစ်နေတုန်း။ မျက်လုံးတွေ ကျိန်းစပ်နေပြီး အတွေးတွေကလဲ မရှင်းသေးဘူး။ အိမ်ရှေ့ခန်းဘက် သွားနေတဲ့ အဘွားရဲ့ ယိမ်းယိမ်းထိုးထိုး အရိပ်ကို လိုက်ကြည့်ပြီး မီးမထွန်းဘူးလားလို့ တွေးတယ်။ လစ်ဟာနေတဲ့ အိမ်အမိုးတွေကြားက တိုးဝင်နေတဲ့ အလင်းတချို့ကို မြင်နေပေမဲ့ အချိန်က မနက်လား၊ ညလား မသဲကွဲဘူး။ အမှောင်ကြီးထဲ နိုးလာတဲ့ သူ့ကိုယ်သူလဲ အံ့ဩသလို ဖြစ်နေတယ်။ ဆီခန်းနေတဲ့ အိမ်ရှေ့ ကဲလားတံခါးကို အဘွားရဲ့ အရိပ်က ဆွဲဖွင့်တာ မြင်လိုက်ရတယ်။ နားယဉ်နေတဲ့ ကျီခနဲ အသံက ဖိုးနီရဲ့ နားထဲကို ငြိမ့်ခနဲ ဝင်လာတယ်။ အဲဒီနောက်တော့ ကနဦး မှောင်မိုက်နေတဲ့ အိမ်ရဲ့ အတွင်းပိုင်းက ပိုလို့ မြင်သာလာတယ်။

"မမြကျေး အဆင့်သင့် ဖြစ်ပြီလား၊ ဖြစ်ရင် ခဏနေ ထွက်ကြမယ်၊ နေပူလာရင် ကလေးတွေနဲ့ ခရီးပေါက်မှာ မဟုတ်ဘူး"

မိန်းမသံတသံ ကျယ်ကျယ်လောင်လောင်က အိမ်ရှေ့ဘက်ကနေ လွင့်လာ


mgyoe.com

mgyoe.com SAMPLE BOOK

တယ်။

"သားချေကို ထမင်းကျွေးလိုက်ဦးမယ်၊ ခဏလေး"

အဘွားက အဲဒီအသံကို ပြန်အော်တယ်။

အော်သံတွေကို နားထောင်ရင်းကပဲ အိမ်ရှေ့ လမ်းမဆီက လူသံအုပ်အုပ်ကို ဖိုးနီ သတိပြုမိတယ်။ ဒါပေမဲ့ စိတ်နဲ့ ကိုယ်က သေချာ မကပ်သေးတော့ ဘာတွေ ဖြစ်နေတယ် ဆိုတာ ခေါင်းထဲ ချက်ချင်း တွေးလို့ မရဘူး။ အိပ်မက်ကိုလဲ ခေါင်းထဲက မထုတ်နိုင်ဘူး။ ဒီနေ့ ကျောင်းသွားရမှာလားလို့ တွေးနေမိတယ်။ အချိန်က စက္ကန့်ပိုင်းလောက်ပဲ ကြာမလားပဲ။ ကျောင်းတွေ ပိတ်ထားတာကို ဖိုးနီ ရုတ်တရက် သတိရလာတယ်။ ကြောင်တွေကြောင့် သူတို့ကျောင်းတွေ ပိတ်ထားခဲ့တာ။ သုံးလတောင် ရှိတော့မလားပဲ။ မဟုတ်ဘူး၊ လေးလ ထင်တယ်။ တွေးနေရင်းနဲ့ပဲ မနက်ဖြန်မနက် ရွာကနေ ထွက်သွားကြမယ်လို့ မနေ့ညတုန်းက သူ့အဘွား ပြောခဲ့တာကို ဖိုးနီ မှတ်မိလိုက်တယ်။ အဲဒီနောက်တော့ အခုက မနက်ခင်း အချိန်ပဲ၊ ဆူညံနေတဲ့ အသံတွေနဲ့ အလုပ်ရှုပ်နေတဲ့ အဘွားက ရွာကနေ ထွက်သွားဖို့အတွက် ပြင်ဆင်နေကြတာပဲ ဆိုတာကို ဖိုးနီ သိသွားတယ်။

"ကြောင်တွေ မရှိတော့ဘူးလား"

ဖိုးနီ အဘွားကို မေးလိုက်တယ်။

"မရှိတော့ဘူး၊ အခု ထမင်းစားလိုက်တော့၊ ကြောင်တွေ ပြန်မလာခင် အဘွားတို့ ရွာက ထွက်သွားရမယ်"

အဘွားရဲ့ စကားကို နားထောင်ရင်းကပဲ လွန်ခဲ့တဲ့ ညဦးပိုင်းတုန်းက အထုပ်တွေ တကုပ်ကုပ် ပြင်ဆင်နေခဲ့တဲ့ ကိစ္စအားလုံးကို ဖိုးနီ ရှင်းရှင်းလင်းလင်းကြီး မှတ်မိလာတယ်။

"အဆင်သင့်ဖြစ်ရင် ထွက်ကြမယ်ဟေ့"

"လမ်းမှာ သောက်ဖို့ ရေဘူး ပါပြီလား"

ဖိုးနီ ထမင်းစားနေတုန်းမှာပဲ လမ်းပေါ်က တဦးနဲ့ တဦး အော်ကြ၊ ဟစ်ကြတဲ့ အသံတွေက ပိုပြီး ဆူညံလာတယ်။ အဘွားက အိပ်ခန်းထဲ ဝင်လိုက်၊ ပစ္စည်းတွေ သယ်ပြီး အိမ်ရှေ့ခန်းကို ပြန်ထွက်လာလိုက်နဲ့ အလုပ်ရှုပ်နေတယ်။ ဒီလိုနဲ့ မီး အကူအညီမပါဘဲ ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲ မြင်နိုင်တဲ့အချိန်ကို ရောက်တော့ အဘွားက 'သားချေ မြန်မြန်စား'လို့ ဖိုးနီကို လှမ်းအော်တယ်။ အဲဒီနောက်တော့ ဖိုးနီ ထမင်းကို ဝါးစား မနေတော့ဘဲ မြန်မြန်မျိုချပြီး အိမ်ရှေ့ခန်းကို ထွက်လာခဲ့တယ်။


mgyoe.com

"ပြီးပြီလား"

အဘွားက ဖိုးနီကို မြင်တော့ လှမ်းမေးတယ်။ ပြီးတော့ ပြီးရင် ဒီကိုလာလို့ ပြောပြီး ဖိုးနီရဲ့ ကျောပေါ်ကို မကြီးမသေး အထုပ်တထုပ် ပိုးပေးတယ်။

"ချိုင်းထောက် ယူ၊ အရှေ့က ကြိုထွက်ရမယ်၊ မဟုတ်ရင် အဘွားတို့က ခြေလှမ်း နှေးတာနဲ့ နောက်မှာ ကျန်ခဲ့မှာ"

အဘွားက ပြောရင်း အိမ်ပုဏ္ဏားကွယ်မှာ မှီထောင်ထားတဲ့ ချိုင်းထောက်ကို ယူပြီး ဖိုးနီရဲ့ လက်ထဲကို ထည့်တယ်။ ကဲလားတံခါးကို အပြင်ကနေ ဆွဲပိတ်ပြီး ပိုကြီးတဲ့ လက်ကျန်အထုပ် နှစ်ထုပ်ထဲက တထုပ်ကို သူ့ကျောမှာ ပိုးတယ်။ နောက်တထုပ်ကို သူ့ခေါင်းမှာ ရွက်တယ်။ ဒီလိုနဲ့ မိနစ်ပိုင်းလောက် ကြာတော့ ဖိုးနီတို့ မြေးအဘွားလမ်းပေါ်ကို ရောက်နေပြီ။

"သွားကြမယ်ဟေ့"

လူအုပ်ကြီးထဲက တယောက်က အော်တယ်။ သွားမယ်တဲ့။ အော်သံကို စိတ်ထဲပဲ့တင်ထပ်ရင်းကပဲ ချန်ထားခဲ့ရတော့မယ့် အိမ်ကိုဖိုးနီပြန်လှည့်ကြည့်မိတယ်။ အဲဒီအချိန်မှာပဲ ဘယ်တော့ ပြန်လာရမယ် မသိဘူး ဆိုတဲ့ မေးခွန်းက ဖိုးနီရဲ့ အတွေးထဲကို ခုန်ဝင်လာတယ်။ ပြီး အမေ အိမ်ရှေ့ဝရန်တာကနေ နောက်ကျွမ်းပစ် ခုန်ဆင်းပြီး ကျားမတကောင် ဖြစ်သွားတာ၊ အဘိုးက သူ့ရဲ့ လက်ပျဉ်းတွေ တွဲကျနေတဲ့ လက်မောင်းကို ငှက်ရဲ့ အတောင်ပံလို တဖျတ်ဖျတ် ခတ်ပြီး သိန်းငှက်အဖြစ် ပြောင်းသွားတာတွေကလဲ ဖိုးနီရဲ့ စိတ်ထဲမှာ ရုတ်တရက် ပြန်ပေါ်လာကြတယ်။ အမေက အဖေနဲ့ ညီလေးက ဖြစ်သွားတဲ့ မြေဇာမြက်ပင်တွေကို ညှိုးသွားမှာ စိုးတဲ့ဟန်နဲ့ မရဲတရဲ တို့ထိပြီး တအိအိ ငိုနေတယ်။ အဲဒီအချိန် အဘိုးက "ငါ အသက်ကြီးပြီ၊ အားမသန်တော့ဘူး၊ ဒါပေမဲ့ ငါ့အနေနဲ့ ကြောင်တွေကို သတ်ဖို့ ကျား မဖြစ်နိုင်တော့ပေမဲ့ ကျီးကန်းတွေကို သတ်ဖို့ သိန်းငှက်တော့ ဖြစ်နိုင်သေးတာပဲ၊ ယောက်ျားတိုင်း တိုက်ပွဲဝင်ဖို့ သွားနေကြပြီ၊ ငါလဲ သွားသင့်တယ် မဟုတ်လား" လို့ ပြောပြီး သိန်းငှက်အဖြစ် ကောင်းကင်ကို တဟုန်ထိုး ပျံတက်သွားခဲ့တယ်။ အမေက ကောင်းကင်မှာ ဝဲပျံနေတဲ့ အဘိုးကို ကြည့်ပြီး အဖေလို့ ကျယ်ကျယ်လောင်လောင် အော်ငိုတယ်။ အဘွားက ရှိုက်ကြီးတငင် ငိုနေတဲ့ အမေ့ရဲ့ လက်တွေကို အုပ်ကိုင်ပြီး နှစ်သိမ့်တယ်။ အဲဒီနောက် အမေက သူ့ပါးပေါ်က မျက်ရည်တွေကို သုတ်ပြီး အဘိုး ချန်ထားခဲ့တဲ့ ဓါးမကို ကောက်ကိုင် တာ၊ အဖြစ်အပျက်တွေက အိမ်ကို ပြန်လှည့်ကြည့်တဲ့ အချိန်ခဏ အတွင်းမှာပဲ ဖိုးနီရဲ့ မှတ်ဉာဏ်ထဲ လုံးထွေးပြီး ပြန်ပေါ်လာကြတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

"မမေနဲ့၊ ငါ့သား ဒီအဖြစ်အပျက်တွေကို ဘယ်တော့မှ မမေ့နဲ့"

အမေက ဖိုးနီကို တတွတ်တွတ် မှာတယ်။ ပြီးတော့ လက်ထဲမှာ ကိုင်ထားတဲ့ အဘိုးရဲ့ ဓါးကို ပစ်ချပြီး အဘွားကို ကန်တော့တယ်။ အဲဒီနောက် 'ကျွန်မသားကို အမေ့ဆီ အပ်ပါတယ်' လို့ ပြောပြီး အိမ်ရှေ့ ဝရန်တာကနေ မြေကြီးပေါ်ကို ကျွမ်းတပတ်ပစ် ခုန်ဆင်းလိုက်တယ်။ မြေကြီးပေါ်ကို ရောက်တော့ အမေက ကျားမတကောင် ဖြစ်နေပြီ။ ကနဦးတော့ အမေတဖြစ်လဲ ကျားမက အဝေးကို မသွားဘူး။ ဒေါမာန်တကြီးနဲ့ တဝေါင်းဝေါင်း ဟိန်းပြီး အိမ်ကို တပတ်ပြီး တပတ် ပတ်နေတယ်။ ဖိုးနီက အမေလို့ ငိုတော့ ကျားက အိမ်ပေါ်ကို တက်လာတော့မလို လှေကားထစ်တွေပေါ်အထိ ရောက်လာတယ်။ အဲဒီတုန်းကတော့ ဖိုးနီက ကျားကို အမေမှန်း သိပေမဲ့ အိမ်ပေါ် တက်လာမှာကို ကြောက်နေခဲ့တယ်။ အမေဆိုတဲ့ စိတ်နဲ့ မလာခဲ့နဲ့လို့လဲ မပြောရက်ဘူး။ ဘာလုပ်ရမယ်လဲ မသိဘူး။ အဘွားကို ဖက်ပြီး တအီးအီး ငိုနေခဲ့တာ။ ဒီလိုနဲ့ အချိန် ဘယ်လောက် ကုန်သွားတယ် မသိရဘူး၊ ဖိုးနီ သတိထားမိတော့ အမေ ကျားမက အိမ်ခြံဝန်းရဲ့ အပြင်ဘက်ကို ထွက်ပြီး ရွာအနောက်ဘက်မှာ ရှိတဲ့ ပင်လယ်ပြင်ထဲကို နဂါးတကောင်လို ငုပ်လျှိုးသွားခဲ့ပြီ။

အမေ ပြန်လာရင် ဘယ်လိုလုပ်မလဲ။ ခရီးစခါနီး လူအုပ်ကြီး အလယ်မှာ မတ်တတ်ရပ်နေတဲ့ ဖိုးနီရဲ့ ခေါင်းထဲ မေးခွန်းတခုက ဒရောသောပါး ဝင်လာတယ်။ ဟုတ်တယ်၊ အမေ ပြန်လာရင် ဘယ်လို လုပ်မလဲ။ အခု ရွာကနေ တရွာလုံး ထွက်သွားကြတော့မှာ။ အမေက သူတို့ သွားမယ့်နေရာကို မသိဘူး၊ အမေ့ကို သိအောင် ပြောပြမယ့်သူလဲ မရှိဘူး။ အမေ သူတို့နောက်ကို ဘယ်လို လိုက်လာမလဲပေါ့။ စဉ်းစားရင်း သူ အမေနဲ့ ထပ်မတွေ့ရတော့ဘူးလား ဆိုတဲ့ စိုးရိမ်စိတ်က ဖိုးနီရဲ့ ခေါင်းထဲ ရုတ်တရက် ကြီးထွားလာတယ်။ သူ ဘာလုပ်ရမလဲ၊ အမေနဲ့ ပြန်တွေ့ဖို့ သူ ဘာလုပ်ရမလဲပေါ့။ အတွေးတွေ ဗလောင်ဆူပြီး လူက ပူပူလောင်လောင် ဖြစ်နေတယ်။ နောက်တော့ အဘွားကို သတိရပြီး အဘွားလို့ ဖိုးနီ လှမ်းအော်လိုက်တယ်။ ဒါပေမဲ့ အဲဒီ အဘွား ဆိုတဲ့ အသံကလွဲပြီး ဖိုးနီရဲ့ ပါးစပ်ကနေ တခြားစကား ထပ်ထွက် မလာဘူး။ လည်ချောင်းထဲမှာ တခုခု ဆို့သလို ဖြစ်ပြီး မျက်ရည်တွေကပဲ ပါးပေါ်ကို တလိမ့်လိမ့် စီးကြလာတယ်။

"သွားမယ်၊ သွားကြမယ်၊ နေမထွက်ခင် ခရီးပေါက်ထားမှ ဖြစ်မယ်၊ ဒီည မတိုင်ခင် အရှေ့ဘက်က တောင်တန်းကို ကျော်မှ စိတ်ချရမှာ"

ကျယ်ကျယ်လောင်လောင် အော်လိုက်တဲ့ ယောက်ျားသံတသံက ဖိုးနီရဲ့


mgyoe.com

နားထဲကို တိုးဝင်လာတယ်။ အဲဒီနောက်တော့ ရွာကနေ ထွက်သွားမယ့် လူတန်းကြီး က လမ်းပေါ်မှာ တဖြည်းဖြည်း ရွေ့လျားစပြုတယ်။

"ပြန်လာမှာ၊ မကြာဘူး၊ ပြန်လာရမှာ၊ ခဏပဲ"

မိန်းမတယောက် ပြောလိုက်တဲ့ အသံကို ဖိုးနီ ကြားရတယ်။ ဟုတ်တယ်၊ မကြာဘူး၊ ပြန်လာရမှာ။ ဖိုးနီ အဲဒီမိန်းမရဲ့ စကားကို စိတ်ထဲက လိုက်ပြောမိတယ်။ ပါးပေါ်က မျက်ရည်တွေကို လက်ဖမိုးနဲ့ ဆွဲသုတ်ပြီး မငိုဘူးလို့ ဖိုးနီ အားတင်းလိုက်တယ်။ အဲဒီအချိန်မှာပဲ အဘွားက 'သွား... သားချေ၊ သွား'လို့ ပြောပြီး ဖိုးနီရဲ့ ပခုံးကို အနောက်ကနေ ခပ်သာသာ တွန်းတယ်။

လူတန်းက လမ်းမကြီးအတိုင်း ရွာက တရွေ့ရွေ့ ထွက်ခဲ့တယ်။ အဘွားက အသက်ကြီးပြီ။ သူ့ရဲ့ ခေါင်းနဲ့ ကျောပေါ်မှာ အထုပ်နှစ်ထုပ်ကို သယ်ထားရတယ်။ အဲဒီအတွက် ခြေလှမ်း မသွက်ဘူး။ ဖိုးနီကလဲ ချိုင်းထောက်နဲ့၊ ကျောပေါ်မှာလဲ အထုပ် တထုပ်ကို ပိုးထားရတယ်။ ဒါကြောင့် မြန်မြန်လျှောက်လို့ မရဘူး။ ဒီလိုနဲ့ ခရီးစပြီး အချိန်ခဏ အတွင်းမှာပဲ ဖိုးနီတို့ မြေးအဘွားကို လူတွေ တယောက်ပြီး တယောက် ကျော်တက်သွားကြတယ်။ အဲဒါအပြင် မြွေပူရာ ကင်းမှောင့်ရတာ တခုက လမ်း စ လျှောက်ပြီး မကြာခင် ဖိုးနီ အော့အန်ချင်လာတာပဲ။ ပထမတော့ အိပ်မက်ကနေ လန့်နိုးလာတုန်းကလိုမျိုး သူ့ရင်တွေ တဒိတ်ဒိတ် ခုန်နေတာကို ဖိုးနီ သတိ ထားမိတယ်။ ပြီး ရင်ဝမှာ အလုံးဆို့သလို ဖြစ်ပြီး လူက ပျို့အန်ချင်သလို အော်ဂလီ ဆန်လာတယ်။ ဒီလိုနဲ့ သူ နေမကောင်းဖြစ်ပြီလား မသိဘူး ဆိုတဲ့ အတွေးက ဖိုးနီရဲ့ စိတ်ထဲကို ဝရုန်းသုန်းကား တိုးဝင်လာတယ်။ ဒုက္ခပဲ၊ မဟုတ်သေးပါဘူးပေါ့။ သူ ထမင်းတွေကို မဝါးဘဲ မျိုချခဲ့လို့ အစာမကြေတာနေမယ် ဆိုပြီး ဖိုးနီ တွေးတယ်။ ခဏနေရင် ပျောက်သွားမှာလို့လဲ သူ့ကိုယ်သူ နှစ်သိမ့်တယ်။ ပြီး အန်ချင်နေတာကို မတွေးမိအောင် လမ်းကို သွက်သွက် လျှောက်မယ်လို့လဲ စဉ်းစားတယ်။ အာရုံပြောင်း ဖို့အတွက် အတူတူ လျှောက်နေတဲ့ လူတွေနဲ့ လမ်းဘေးဝဲယာက သစ်ပင်ချုံနွယ်တွေ ကို ဖိုးနီ လိုက်ပြီး ကြည့်တယ်။ ဒီလိုနဲ့ ရွာက ထွက်လာတဲ့ လူတန်းက ရွာအပြင်ကို ရောက်ပြီး လယ်ကွင်းတွေကို ဖြတ်ကျော်စပြုတယ်။ လူတန်းကြီး မျက်နှာမူပြီး သွား နေတဲ့ အရှေ့ဘက် တောင်ရိုး အထက်က ကောင်းကင်က မှုန်ရီရီ အဖြူကနေ နီဝါရောင်ကို ပြောင်းစ ပြုလာတယ်။ ဖိုးနီ အဘွားကို သတိရလို့ ပြန်လှည့်ကြည့်လိုက် တော့ အဘွားက အနောက် ခပ်လှမ်းလှမ်းမှာ ကျန်ခဲ့ပြီ။ ဒါနဲ့ အဘွား မြန်မြန် လာလို့ ဖိုးနီ အော်ခေါ်လိုက်တယ်။ ဒါပေမဲ့ အဘွားက ဘာမှ ပြန်မပြောဘူး၊ လက်ကိုပဲ


mgyoe.com

mgyoe.com
SAMPLE BOOK


အသာပြန်ပြီး ခါပြတယ်။

"နေးနေးလေး လျှောက်နေတာ၊ အနောက်မှာ ကျန်ခဲ့တော့မှာပဲ"

အဘွားကို စောင့်ခေါ်ဖို့ စဉ်းစားပြီး ဖိုးနီ လမ်းလျှောက်နေတာကို ရပ်လိုက်တယ်။ အဲဒီအချိန်မှာပဲ ခဏက အာရုံလွှဲထားတဲ့ အန်ချင်စိတ်က ပိုပြီး ဆိုးသလို ဖြစ်လာတယ်။ သူ အန်လို့ မဖြစ်ဘူး။ အန်ချင်တာကို မတွေးမိအောင် တခုခုလုပ်မှ ဖြစ်မယ်ပေါ့။ အရှေ့က စကားတပြောပြောနဲ့ ကျော်တက်သွားတဲ့ လူအုပ်ကို ဖိုးနီ လိုက်ပြီး ကြည့်တယ်။ သားသည်မအေ တယောက်က သူ့ကလေးကို တဖက်၊ အထုပ်ကို တဖက် ထမ်းပိုးနဲ့ ဦးပွဲ ထမ်းသွားတယ်။ မိန်းမရွယ်တယောက်က ပိန်လှီနေတဲ့ အဘိုးအိုတယောက်ကို စောင်တထည်နဲ့ ကျောပိုးသွားတယ်။ အဘွားအို တယောက်ကတော့ ဟိုငေးဒီငေး ခြေလှမ်းနေးနေးနဲ့ လျှောက်နေတဲ့ ကလေးတအုပ်ကို မြန်မြန်သွက်သွက် လျှောက်ဖို့ တတွတ်တွတ် မြည်တွန်တောက်တီးနေတယ်။ ရှောင်ကွင်း ကျော်တက်သွားတဲ့ လူမျိုးစုံကို ငေးရင်းကပဲ သူတို့မြေးအဘွား အားလုံးရဲ့ အနောက်မှာ ကျန်ခဲ့တော့မယ်၊ ကျီးကန်းနဲ့ ကြောင်တွေ အနောက်က လိုက်လာပြီး သူတို့ကို ရန်မူတော့မယ် ဆိုတဲ့ အတွေးက ဖိုးနီရဲ့ စိတ်ထဲမှာ ကြီးစိုးလာတယ်။ ဒါနဲ့ အဘွား မြန်မြန်လာလို့ ဖိုးနီ ထပ်အော်လိုက်တယ်။ သူတို့ အနောက်မှာ ကျန်ခဲ့လို့ မဖြစ်ဘူး။ သူတို့ အရှေ့ကို ရောက်မှ ဖြစ်မယ်ပေါ့။ ဖိုးနီ ဇောကပ်ပြီး အဘွားကို စိတ်တိုလာတယ်။ မြန်မြန်လာတာ မဟုတ်ဘူးလို့လဲ စိတ်ထဲက အပြစ်တင်မိတယ်။ ဒါပေမဲ့ အဘွားက စိုးရိမ်တဲ့ပုံ မပေါ်ဘူး။ ဖိုးနီရဲ့ အနားကို ရောက်လာတာတောင် စကားကို ချက်ချင်း မပြောဘူး။ အသက်ကို ခပ်ပြင်းပြင်း တချက်ရှိုက်လိုက်ပြီး ဖြည်းဖြည်းချင်း ပြန်ရှူထုတ် နေတယ်။ ပြီး အချိန် နည်းနည်း ကြာတော့မှ 'ငါ့မြေးသာ သွားနှင့်၊ အဘွား အနောက်ကနေ ဖြည်းဖြည်းချင်း လိုက်လာမယ်၊ မီလာမှာ"လို့ ပြောတယ်။ အဲဒီစကားကို ကြား တော့ ဖိုးနီရဲ့ စိတ်ထဲ ဘယ်စိတ်ချမလဲလို့ တွေးမိတယ်။ ဒါပေမဲ့ ပါးစပ်ကတော့ ထုတ်မပြော ဘူး။ ဟုတ်ကဲ့လို့ပဲ ခေါင်းညိတ်ပြီး အဘွားကို မစောင့်တော့ဘဲ အရှေ့ကနေ တယောက် တည်း လျှောက်ခဲ့တယ်။

တယောက်တည်း အားသွန်ခွန်စိုက် လျှောက်နေရင်းကပဲ နားထဲ မြေကြီးနဲ့ ချိုင်းထောက် ထိခတ်ရာက ထွက်လာတဲ့အသံ တဒေါက်ဒေါက်ကို ဖိုးနီ သတိထားမိ နေတယ်။ ပြီးတော့ ဒီအချိန် အိပ်မက်ထဲကလို သူ့ခြေထောက်တွေ ကောင်းသွားရင် ကောင်းမှာပဲလို့လဲ တွေးမိတယ်။ ပြီး အိပ်မက်က အိပ်မက်ပဲ၊ အပြင်မှာ တကယ် ဖြစ် လာမှာ မဟုတ်ဘူး၊ ဘာမှ မတတ်နိုင်ဘူး၊ ဒီအတိုင်း လျှောက်ရမှာပဲလို့ တွေးပြီး သူ့


mgyoe.com

ခြေထောက်နဲ့ ချိုင်းထောက်ကို ခပ်သွက်သွက် ကွဖို့ ဖိုးနီ ကြိုးစားတယ်။ ဒါပေမဲ့ လူက ဘာဖြစ်တယ် မသိဘူး။ အားတင်းလျှောက်နေရင်းကပဲ အန်ချင်စိတ်က ရင်ဝမှာ ပြန်ပြီး ဆို့တက်လာတယ်။ သူ အန်ချင်လာပြန်ပြီ၊ ဘာလုပ်ရမလဲပေါ့။ မအန်ဘူး၊ မအန်ဘူးလို့ စိတ်ထဲက ပြောရင်း ဖိုးနီ တခြားကိစ္စတွေကို တွေးဖို့ ကြိုးစားတယ်။ အဘွားကို မစောင့်ဘူးလို့ တွေးတယ်။ လမ်းတွေက အတက်ကြီး ဆိုပြီး ရုတ်တရက် တမော့တက် ဖြစ်သွားတဲ့ လမ်းအကြောင်းကို တွေးတယ်။ အတက်တွေသာ ဆိုရင် အဘွားက ပိုနှေးတော့မှာပဲ ဆိုတဲ့ အတွေးက ဖိုးနီရဲ့ခေါင်းထဲ အလိုအလျောက် ဆက်ဝင်လာတယ်။ အဲဒီနောက်တော့ နောက်ကျကျန်ခဲ့မယ့်ကိစ္စနဲ့ အနောက်က ကြောင်တွေ လိုက်လာမယ့်ကိစ္စကို အတွေးက တပတ်ပြန်လည်သွားတယ်။ အတွေးတွေက ညမိုးမချုပ်ခင် ကျော်ရမယ် ဆိုတဲ့ တောင်ကို ရောက်တယ်။ ကြောင်တွေကို မုန်းတဲ့ အကြောင်းကို ရောက်တယ်။ ကြောင်တွေကြောင့် သူတို့ ပြေးနေရတာလို့လဲ တွေးမိတယ်။ တလှမ်းပြီး တလှမ်း အဆက်မပြတ် လျှောက်နေတဲ့ ခြေထောက်တွေလိုပဲ အတွေးတွေက မရပ်ဘူး။ အန်ချင်စိတ်က အဲဒီအတွေးတွေ ကြားထဲမှာ လှစ်ခနဲ ပေါ်လာလိုက်၊ ပြန်ပြီး ပျောက်သွားလိုက် ရှိနေပေမဲ့ အန်တော့ မအန်ချသေးဘူး။ ဒီလိုနဲ့ သူတို့ကို ဖြတ်ကျော်ပြီး တက်သွားတဲ့ လူကြီးနှစ်ယောက်ဆီက 'ကံပေါ့၊ ဘယ်တတ်နိုင်မလဲ၊ ကံပေါ့' လို့ ပြောလိုက်တာကို ကြားပြီးတဲ့နောက် သူတို့ ဘာကြောင့် ဒီလောက် ကံဆိုးရတာလဲ ဆိုတဲ့ အတွေးက ဖိုးနီဆီ လျှပ်စစ်ကူးသလို ရောက်လာတော့တာပဲ။

လွန်ခဲ့တဲ့ အချိန်သုံးလကျော်ရဲ့ ညတညမှာ ဖိုးနီတို့ရွာကို ထောင်သောင်းချီတဲ့ ကျီးကန်းတွေနဲ့ အနက်ရောင်ကြောင်တွေ ရောက်လာခဲ့တယ်။ ပြီးတော့ လူတွေနဲ့ အိမ်မွေးတိရစ္ဆာန်တွေကို ရက်ရက်စက်စက် သတ်ဖြတ်ကြတယ်။ ဘာကြောင့် အဲဒီလို ဖြစ်ရတာလဲပေါ့။ ဘယ်သူကမှ အဲဒီအဖြေကို မပြောနိုင်ကြဘူး။ တွေးရင်း ဖိုးနီရဲ့ နားထဲမှာ လူတွေနဲ့ အိမ်မွေးတိရစ္ဆာန်တွေရဲ့ ကူကယ်ရာမဲ့ အော်တဲ့ အသံ၊ ကျီးကန်းတွေ မရပ်မနား တအားအား အော်နေတဲ့ အသံ၊ ကြောင်တွေ ဆူးဆူးရှရှ အော်ပြီး တစုံတခုကို ကုတ်ခြစ်ဆုတ်ဖြဲနေတဲ့ အသံ၊ အသံပေါင်းစုံကို ပြန်ကြားလာတယ်။ နောက်တနေ့ မိုးလင်းတော့ ရွာလမ်းမ၊ အိမ်အောက်နဲ့ အိမ်တချို့အပေါ်မှာ မြေဇာမြက်ပင် အကျိုးအကြေတွေ ဖွာလန်ပျံ့ကြဲနေတာကိုလဲ ပြန်ပြီး မြင်ယောင်လာတယ်။ အဲဒီတုန်းက မြေဇာမြက်ပင် မဖြစ်ဘဲ ကျန်ခဲ့တဲ့ လူတိုင်းနီးပါးက အလန့်တကြား ဖြစ်နေတယ်။ ထမင်း မြန်မြန် စားထားလိုက်ကြ၊ ထမင်း စားပြီးရင် အလုပ်တလုပ် အေးတာပဲလို့ ထမင်း စားတာထက် တခြား အရေးကြီးတဲ့အလုပ် မရှိတော့သလိုမျိုး ထမင်းစားဖို့ကို


mgyoe.com

mgyoe.com SAMPLE BOOK

တချိန်လုံးနီးပါး ပြောနေကြတယ်။ ဒီလိုနဲ့ နေ့တွေ တရက်ပြီး တရက် ကုန်သွားခဲ့တာ၊ ကြောင်တွေက ညစဉ်ညတိုင်း ရောက်လာနေသေးတာ၊ နောက်ဆုံးတော့ လေပွေ အမွှေခံရတဲ့ ပိတောက်ပန်းခက်က ပန်းပွင့်တွေ ကြွေပြီး ပျောက်သွားသလိုမျိုး၊ ရွာက လူတွေက တနေ့တခြား လျော့သွားပြီး ရွာက ရွာပျက်လို တဖြည်းဖြည်း ခြောက်ကပ် သွားခဲ့တာ။ အခုတော့ တရွာလုံး ရွာက ထွက်ပြေးခဲ့ရပြီ။ ဘယ်တော့မှ ပြန်လာနိုင်မလဲ မသိဘူး။ ကြောင်တွေကို မုန်းတယ်။ ကျီးကန်းတွေကိုလဲ မုန်းတယ်။ အဲဒီကောင်တွေ ကြောင့် သူတို့ ဒီလိုဖြစ်ရတာ။ သူတို့ကြောင့် အဖေနဲ့ ညီလေး မြေဇာမြက်ပင် ဖြစ်ရ တာ၊ သူတို့ကြောင့်ပဲ အမေ၊ အဘိုးတို့နဲ့ ခွဲရတာ။

"ရွာ မီးလောင်နေပြီ"

လူအုပ်ကြီးထဲက တယောက်က အလန့်တကြား အော်လိုက်တာကို ဖိုးနီ ကြားရတယ်။ ကြည့်လိုက်တော့ ရွာနေရာကနေ မီးခိုးလိပ်တွေက တလူလူ ထိုးထွက် နေပြီ။ ဟုတ်တယ်၊ ရွာ မီးလောင်နေပြီ။ မီးတောက်တွေက ဆာလောင်မွတ်သိပ်နေတဲ့ နဂါးတွေလို ကောင်းကင်ဆီ တချက်တချက် ထိုးတက်လာတာကို ဖိုးနီ မြင်နေရတယ်။ လောင်နေတာ ဘယ်သူ့အိမ် ဖြစ်မလဲ မသိဘူး။ မီးက ကြီးတယ်၊ လေးငါးဆယ်အိမ် တော့ မကဘူးလို့ တယောက်က သူ့ကိုယ်သူ ပြောသလို၊ တခြားသူကို ပြောသလို ပြော တယ်။ ရွာလယ်နားလောက်ကပဲလို့ တယောက်ကလဲ ဆိုတယ်။ တယောက်တပေါက် စကားတွေကို နားထောင်ရင်းကပဲ အဘွား သေချာဆေးကျောပြီး မှောက်တန် မှောက်၊ ဖုံးတန် ဖုံး သိမ်းဆည်းထားခဲ့တဲ့ ပစ္စည်းတွေကို ဖိုးနီ ပြန်မြင်ယောင်လာတယ်။

"ကျုန်မတို့မှာ ပြန်စရာအိမ် မရှိတော့ဘူး"

မလှမ်းမကမ်းက မိန်းမတယောက် အီးခနဲ ငိုရင်း ပြောလိုက်တာကို ဖိုးနီ ကြားလိုက်ရတယ်။ ဟုတ်တယ်၊ သူတို့မှာ ပြန်စရာအိမ် မရှိတော့ဘူး။ ငိုနေတဲ့ မိန်းမ ရဲ့ စကားကို သံယောင်လိုက်ပြီး ဖိုးနီ ပြောမိတယ်။ အဲဒီနောက်တော့ အဲဒီမိန်းမလိုပဲ ငိုချင်စိတ်က ဖိုးနီရဲ့ ရင်ဝမှာ ဆို့တက်လာတယ်။ ဟင့်အင်း၊ သူ မငိုဘူး။ မငိုမိအောင် အာရုံလွှဲတဲ့အနေနဲ့ ဖိုးနီ အဘွားကို ကြည့်လိုက်တယ်။ အဘွားက ကျောက်ရုပ်လို မျက်နှာမျိုးနဲ့ ရွာဘက် ငေးကြည့်နေတယ်။ ကြောင်တွေ မီးရှို့လိုက်တာပဲ၊ လူအုပ်ထဲ က ယောကျ်ားတယောက်ရဲ့ အသံက ဖိုးနီရဲ့ နားထဲကို ထပ်ဝင်လာတယ်။ ဟုတ်တယ်၊ မြန်မြန်သွားရမယ်၊ အနောက်က ကြောင်တွေ လိုက်လာနိုင်တယ်လို့ မိန်းမတယောက် က ထပ်ပြောတယ်။ ဒီလိုနဲ့ ကြောင်တွေ လိုက်လာနိုင်တယ်၊ မြန်မြန်သွားရမယ် ဆိုတဲ့ အတွေးက ဖိုးနီရဲ့ စိတ်ထဲမှာ ပဲ့တင်ထပ်လာတယ်။ ပြီး ပူပန်စိတ်က ဟုပ်ခနဲ တက်ပြီး


mgyoe.com

 mgyoe.com SAMPLE BOOK 

အဘွားကို "အဘွား မြန်မြန်သွားစို့" လို့ လှမ်းပြောလိုက်တယ်။

ဖိုးနီတို့မြေးအဘွား မြန်နိုင်သမျှ မြန်မြန် လျှောက်ခဲ့ကြတယ်။ ဒါပေမဲ့ ဘယ်လိုပဲ မြန်မြန်လျှောက်လျှောက် လူတွေက သူတို့မြေးအဘွားကို တရိပ်ရိပ် ကျော်တက်နေကြတုန်းပဲ။ ဒီလိုနဲ့ သူတို့မြေးအဘွား နောက်ဆုံးမှာ ကျန်ခဲ့တော့မလား မသိဘူး ဆိုတဲ့ အတွေးက ဖိုးနီရဲ့ စိတ်ထဲမှာ ပိုပြီး ကြီးစိုးလာတယ်။ မဟုတ်ဘူး၊ မကျန်ဘူး၊ သူတို့အနောက်မှာ အများကြီး ကျန်သေးတာပဲလို့ တွေးပေမဲ့ စိုးရိမ်စိတ်က မပျောက်ဘူး။ အနောက်မှာ တလှုပ်လှုပ် လျှောက်နေတဲ့ လူတန်းရှည်ကြီးကို လှည့်ကြည့်ပြီး အားတင်းပေမဲ့ ပူပန်စိတ်က လျော့မသွားဘူး။ နောက်တော့ တော်ပြီ၊ အဲဒီ အကြောင်း မတွေးတော့ဘူးလို့ ဖိုးနီ အာရုံပြောင်းဖို့ ကြိုးစားတယ်။ သူ အဲဒီအကြောင်းတွေကို မတွေးဘူး။ တခြားအကြောင်းပဲ တွေးတော့မယ်ပေါ့။ ဒီလိုနဲ့ လူတန်းကြီး အကြောင်း တွေးနေတဲ့ ဖိုးနီရဲ့ စိတ်က ရွာမီးလောင်သွားပြီ၊ ပြန်စရာ အိမ်မရှိတော့ဘူး၊ အမေတို့ ပြန်လာရင် ဘယ်လိုလုပ်မလဲနဲ့ ရွာဆီကို ရုတ်တရက် ခုန်ကူးသွားတယ်။

"မြန်မြန်လျှောက်ကြ၊ ကြောင်တွေ လိုက်လာနိုင်တယ်"

"ဒီနေ့ မဝင်ခင် အရှေ့တောင်တန်းရဲ့ ဟိုဘက်ကို ရောက်မှ ဖြစ်မယ်"

လူက ရွာနဲ့ အဝေးကို လျှောက်နေပေမဲ့ အတွေးတွေက ရွာကနေ မထွက်ဘူး။ ဖိုးနီရဲ့ နားထဲမှာ တယောက်တပေါက် အော်ပြောတဲ့ အသံတွေကို ပြတ်တောင်းပြတ်တောင်း ကြားနေရတယ်။ လမ်းက ဖုန်ထူလိုက်တာ။ တရိပ်ရိပ် တက်လာတဲ့ အန်ချင်စိတ်ကို ပိုမဆိုးအောင် တလိပ်လိပ် မြင့်တက်နေတဲ့ ဖုန်လုံးတွေဆီ ဖိုးနီ အာရုံ ပြောင်းလိုက်တယ်။ အဲဒီနောက် ဖုန်တောကြီးထဲမှာ ရုန်းကန် ခရီးဆက်နေတဲ့ လူအုပ်ကို ကြည့်ရင်း အဘွားက နေ့းလိုက်တာလို့ ဖိုးနီရဲ့ အတွေးတွေက အဘွားဆီကို တပတ် ပြန်လည်သွားတယ်။ ရေဆာတယ်လို့ ပြောလိုက်တဲ့ ကလေးသံတသံကို ကြားရတယ်။ သူ ရေသောက်လိုက်ရင်များ အန်ချင်နေတဲ့စိတ်က လျော့သွားမလားလို့ ဖိုးနီ စဉ်းစားမိတယ်။ ဒါနဲ့ အနောက် ခပ်လှမ်းလှမ်းမှာ ပါလာတဲ့ အဘွားကို စောင့်ပြီး "အဘွား ရေသောက်ချင်တယ်" လို့ ပြောလိုက်တယ်။

နေလုံးက တဖြည်းဖြည်းနဲ့ ထန်းပင်ထိပ်ဖျားကို ကျော်စပြုတယ်။ ရွာက စထွက်လာကတည်းက မြင်နေရတဲ့ တောင်တန်းရဲ့ အခြေကို အခုထိ မနင်းနိုင်သေးဘူး။ အဝေးက ကြည့်တုန်းကတော့ တောင်တွေက နီးနီးကလေးလိုပဲ။ တကယ်တမ်း လျှောက်တော့ လမ်းက တီကောင်လို ကောက်ကွေ့ပြီး ရှည်လျားနေတာ။ ညောင်းလာပြီ၊ ကျောပေါ်က အိတ်ကလဲ တဖြည်းဖြည်းနဲ့ ပိုလေးလာသလိုပဲ။ ပင်ပန်းနေပြီ၊ မနား



mgyoe.com

 mgyoe.com SAMPLE BOOK 

ကြသေးဘူးလားလို့ ဖိုးနီ စိတ်ထဲက ရေရွတ်မိတယ်။

"မြန်မြန်သွက်သွက် လျှောက်"

ဘယ်သူက ဘယ်သူ့ကို ပြောမှန်း မသိတဲ့ အသံတသံကို ဖိုးနီ ကြားရတယ်။ သူ့ကိုပြောတာ မဟုတ်မှန်း သိပေမဲ့ လျှောက်နေတာပဲလို့ ဖိုးနီ စိတ်ထဲကနေ ပြန်ပက်မိတယ်။ သူက ချိုင်းထောက်နဲ့ လျှောက်နေရတာ။ ကျောမှာလဲ အထုပ်တထုပ် သယ်ထားရသေးတယ်။ ဒီထက်မြန်အောင် ဘယ်လို လျှောက်နိုင်မလဲပေါ့။ ဗိုက်ဆာတယ်လို့ ကလေးတယောက် ပြောတဲ့ အသံတသံက ဖိုးနီရဲ့ နားထဲကို ထပ်ဝင်လာတယ်။ သူ့ဗိုက်ထဲ အသံတွေ မြည်နေတာကို သတိထားမိပြီး ထမင်းဆာတယ်လို့ အဘွားကို ဖိုးနီ လှမ်းပြောလိုက်တယ်။

"နားမှ စားလို့ရမယ်၊ မဟုတ်ရင် အဘွားတို့ ကျန်ခဲ့လိမ့်မယ်"

နေလုံးက ခေါင်းထိပ်တည့်တည့်ကို ရောက်လာပြီ။ ကနဦး ရွာက ထွက်လာတုန်းက လူတွေရဲ့ အနောက်က လိုက်နေတဲ့ ရှည်မျောမျော အရိပ်တွေက အခုတော့ ခြေထောက်တွေအောက်မှာ ခပ်သေးသေးပဲ ကျန်တော့တယ်။ လူတိုင်းက မိုးမိထားတဲ့ သူလိုမျိုး ချွေးတွေ စိုပြီး ရွှဲနစ်နေတယ်။ ဖိုးနီ ရေကို ဘယ်နှခါ သောက်မိတယ် မသိတော့ဘူး။ လူက မောဟိုက်ပြီး တုတ်နဲ့ ရိုက်ထားသလို နာကျင်နေတယ်။ အချိန်ကြာလာတာနဲ့အမျှ ချိုင်းထောက်ကိုတောင် မလို့ မနိုင်တော့ဘူး။ ခြေထောက်နဲ့ လက်တွေက တောင့်တင်းပြီး တုတ်ချောင်းတွေလို ဖြစ်လာတယ်။ လူတွေ တယောက်ပြီး တယောက် ဖိုးနီကို ကျော်တက်သွားတယ်။ ကနဦး အနောက်မှာ ကျန်ခဲ့တဲ့ အဘွားကတောင် ဖိုးနီကို ကျော်တက်ပြီး မြန်မြန်လျှောက်လာဖို့ ပြောနေပြီ။ သူ တယောက်တည်း ကျန်ခဲ့တော့မလားပဲ၊ အန်ချင်စိတ်ကလဲ အောင့်ထားတဲ့ကြားက ပိုပြီး ဆိုးလာတယ်၊ ရေသောက်လွန်းလို့များ ပိုအန်ချင်သလား မသိဘူး၊ ရေ နောက်ထပ် မသောက်တော့ဘူးနဲ့ ဖိုးနီရဲ့အတွေးတွေက ဗလောင်ဆူနေတယ်။ လူတန်းထဲက တယောက်ကမှ အနားယူဖို့ အခုထိ မပြောကြသေးဘူး။ ဗိုက်က ဆာသလား၊ မဆာသလား မပြောတတ်တော့ဘူး။ ကျောပိုးအိတ်က ပိဿာ ဆယ်နဲ့ချီတဲ့အရာကို ပိုးထားရသလိုပဲ။ အရှေ့က တောင်တန်းကလဲ အခုထိ မရောက်သေးဘူး။ နောက်ဆုံးတော့ အန်ချင်တယ်၊ မလျှောက်နိုင်တော့ဘူးလို့ ပြောပြီး ဖိုးနီ မြေကြီးပေါ်ကို ထိုင်ချလိုက်တယ်။ ဖိုးနီ အဲဒီလိုလုပ်တော့ အဘွားက ခေါင်းကို တဗျင်းဗျင်း ကုတ်တယ်။ ပြီးတော့ 'နည်းနည်း လျှောက်လိုက်ပါဦး မြေးရယ်၊ ခဏဆိုရင် နားရတော့မှာပါ' လို့ ဖိုးနီကို ချော့သလို ပြောတယ်။ ဒါပေမဲ့ ဖိုးနီ မထဘူး။


mgyoe.com

mgyoe.com

"ဟင့်အင်း၊ မလျှောက်နိုင်တော့ဘူး၊ အန်လဲ အန်ချင်နေတယ်"

လို့ လေသံမာမာနဲ့ ပြန်ပြောလိုက်တယ်။

"အန်ချင်ရင်လဲ အန်လိုက်၊ ပြီးရင် သွားကြမယ်၊ အဘွားတို့ နောက်ကျန်ခဲ့လို့ ကြောင်တွေ လိုက်လာရင် ဘယ့်နှယ်လုပ်မလဲ"

ပြောရင်း အဘွားက ဖိုးနီရဲ့ ကျောပေါ်က အိတ်ကို ဖြုတ်တယ်။ ပြီးတော့ နည်းနည်းလောက် လျှောက်လိုက်ပါဦး၊ မကြာခင် နားရတော့မှာပါလို့ လေသံ ပျော့ပျော့နဲ့ ထပ်ပြောတယ်။ ပထမတော့ လုံးဝ မထဘူးလို့ ဖိုးနီ စိတ်ထဲ တွေးတာပဲ။ ဒါပေမဲ့ အဘွားရဲ့ စကားကို နားထဲမှာ ကြားတယ်။ ပြီး သူတို့ကို ဖြတ်ကျော်ပြီး တက်သွားတဲ့ လူတန်းကိုလဲ မျက်စိက မြင်တယ်။ ဒီလိုနဲ့ တင်းထားတဲ့ စိတ်က မီးထိတဲ့ ဖယောင်းလိုမျိုး ပျော့ပြီး ဆက်ထိုင်နေဖို့ မရဲဘူး ဖြစ်လာတယ်။ သူသာ ဒီလို ဆက်ထိုင်နေရင် အားလုံးရဲ့ အနောက်မှာ ပြတ်ကျန်ခဲ့တော့မှာပဲပေါ့။ ဒီလိုနဲ့ ပေတေထိုင်နေတာကို စိတ်လျှော့ပြီး ဖိုးနီ မတ်တတ်ရပ်ဖို့ ပြင်တယ်။ အဲဒီအချိန်မှာပဲ ရုတ်တရက် ဘာဖြစ်သွားတယ် မသိရဘူး။ ဝင်းခနဲ အလင်းတချက်ကို စူးခနဲ မြင်ပြီး ဂျိန်းခနဲ ကျယ်ကျယ်လောင်လောင် အသံတသံကို ဖိုးနီ ကြားလိုက်ရတယ်။

အလင်းက လျှပ်ပြက်တာနဲ့ တူတယ်။ ဖျတ်ခနဲ ပေါ်ပြီး ဖျတ်ခနဲပဲ ပျောက်သွားတယ်။ အသံကလဲ မိုးချုန်းသံလိုမျိုး ခပ်ဆောင့်ဆောင့်နဲ့၊ မချော့မွေ့ဘူး။ ဒါပေမဲ့ မိုးကြိုးထစ်သံတွေရဲ့ အနောက်က ဆက်ပြီး လိုက်လာတတ်တဲ့ ဂျိုးဂျိုးဂျိမ့်ဂျိမ့် အသံကိုတော့ မကြားရဘူး။ အသံတို၊ အသံပြတ် တချက်တည်း။ ထူးဆန်းတာက အဲဒီလို မိုးတွေ ခြိမ်း၊ လျှပ်စီးတွေ ပြက်နေပေမဲ့ ကောင်းကင်တခုလုံးက နေပူကျဲတဲကြီး ဖြစ်နေပြီး မိုးရိပ်မိုးငွေ့ရဲ့ အစအနကိုတောင် မမြင်ရတာပဲ။

"ဘာသံလဲ"

တယောက်က ထိတ်လန့်တကြားဟန်နဲ့ မေးတယ်။

"မိုးတိမ်တွေလဲ မရှိဘဲနဲ့၊ နေ ဒီလောက် ပူနေတာကို"

တယောက်က ကောင်းကင်ကို မော့ကြည့်ရင်း ဆိုတယ်။

"တခုခုပဲ"

တယောက်က ဇဝေဇဝါဟန်နဲ့ ထပ်ပြောတယ်။

အရှေ့ကို အာရုံစိုက်ပြီး ခရီးနှင်နေတဲ့ လူအုပ်ရဲ့ အရှိန်က ရုတ်တရက် လျော့ကျပြီး အော်သံ၊ ဟစ်သံ၊ မေးသံ၊ မြန်းသံတွေ လျှံထွက်လာတယ်။

"မိုးခြိမ်းတာပဲ နေမယ်၊ မိုးတိမ်တွေ တက်လာပြီ"


mgyoe.com

mgyoe.com

လူတယောက် အော်ပြောတဲ့ အသံကို ကြားတော့ ဖိုးနီ ကောင်းကင်ကို မော့ကြည့်မိတယ်။ အချိန်က မိနစ်ပိုင်းတောင် မကြာသေးဘူး။ မကြာသေးခင်က မှန်တချပ်လို ကြည်လင်တောက်ပနေတဲ့ ကောင်းကင်က အခုတော့ ဆေးအနက်နဲ့ ပက်လိုက်သလိုမျိုး၊ မိုးသားတွေ တက်ပြီး ရုတ်တရက် မည်းမှောင်လာတယ်။

"မိုးရွာတော့မယ် ထင်တယ်"

"မိုးအုံ့ရုံလောက်ပဲဆို ကောင်းမယ်"

ခြစ်ခြစ်တောက် ပူနေတဲ့ နေအပူရှိန်က ရုတ်တရက် အေးစိမ့်လာတယ်။ လူတယောက်က ကောင်းကင်ကို မော့ကြည့်ပြီး "နွေခေါင်ခေါင်ကြီးကို၊ မိုးက ထူးထူးဆန်းဆန်း" လို့ ရေရွတ်တယ်။ တယောက်က "ဟုတ်တယ်" လို့ ထောက်ခံတယ်။ လူတွေကို ကြည့်ရတာ အံ့ဩတဲ့ပုံ ရှိပေမဲ့ အုတ်အော်သောင်းနင်း ထိန်းမနိုင်သိမ်းမရတော့ မဟုတ်ဘူး။ ခဏလောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားပေမဲ့ ချက်ချင်းလို တည်တည်ငြိမ်ငြိမ် ပြန်ဖြစ်ပြီး လျှောက်နေကျ လမ်းအတိုင်း ပြန်ရွေ့လျားစပြုတယ်။ ဒါပေမဲ့ အဲဒီအချိန် စူးခနဲ ကြောင်အော်သံ တချက် ကြားလိုက်ရတဲ့အခါမှာတော့ အားလုံး မငြိမ်သက်နိုင်တော့ဘူး။

"ကြောင်တွေ လိုက်လာတာလား"

"မြန်မြန်သွားကြရအောင်"

ပြန်ပြီး တည်ငြိမ်စပြုတဲ့ လူတန်းက ချက်ချင်း ရုတ်ရုတ်သဲသဲ ပြန်ဖြစ်ပြီး တယောက်နဲ့ တယောက် အပြန်အလှန် အော်ခေါ်တဲ့အသံတွေနဲ့ ရုတ်တရက် ဆူညံလာတယ်။ ဖိုးနီရဲ့ နံဘေးမှာ ရပ်နေတဲ့ အဘွားကလဲ နတ်ပူးသလိုမျိုး ရုတ်တရက် တုန်ခါလာပြီး "သားချေ ထ၊ မြန်မြန် သွားကြမယ်" လို့ ဖိုးနီကို အော်တယ်။

"ထလို့ မရဘူး"

မျက်စိတမှိတ်အတွင်း ဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်တွေကို နားမလည်နိုင်ဘဲ ဖိုးနီ မင်သက်နေတယ်။ ဘာဖြစ်တာလဲ၊ ဘာတွေ ဖြစ်ကုန်တာလဲလို့ စိတ်ထဲကနေလဲ ထပ်တလဲလဲ မေးနေမိတယ်။ ပြီး တကယ် မိုးခြိမ်းတာလား၊ မိုးတိမ်တွေက တကယ်လား၊ ကြောင်အော်သံက အဟုတ်ထင်တယ်နဲ့ အတွေးတွေက မရပ်ဘူး။ အဲဒီတုန်း သားချေ မြန်မြန်ထ ဆိုတဲ့ အဘွားရဲ့အော်သံက နားထဲ ဆောင့်ဝင်လာပြီး ဖိုးနီ ထိုင်ရာကနေ အလန့်တကြား ထရပ်လိုက်တယ်။ ဒါပေမဲ့ ဖိုးနီရဲ့ ခန္ဓာကိုယ်က မကြွလာဘူး။ ပိဿာ ဆယ်နဲ့ချိတဲ့ ကျောက်တုံးလိုမျိုး လေးပင်နေတယ်။ သူ ဘာလို့ ထလို့ မရတာလဲ၊ သူ ဘာဖြစ်သွားတာလဲ။ မေးခွန်းတွေက ဖိုးနီရဲ့ ခေါင်းထဲမှာ ပလုံစီ


mgyoe.com

ထနေတယ်။ ပြီးတော့ ကနဦး ရှိနေတဲ့ ကြောက်စိတ်က မီးစာ ကျွေးခံရတဲ့ မီးတောက်လိုမျိုး ဝုန်းခနဲ ဆောင့်တက်လာတယ်။ ထလို့ မရဘူးလို့ ဖိုးနီ အဘွားကို ပြောလိုက်တယ်။ ဒါပေမဲ့ အဘွားက ဖိုးနီကို မယုံဘူး။ “ကလေး မဆန်စမ်းပါနဲ့ သားချေရယ်” ဆိုပြီး ညည်းညူမာန်မဲသလို အသံနဲ့ ပြန်ပြောတယ်။

“ထလို့မှ မရတာကို”

ဖိုးနီ ပြောပေမဲ့ အဘွားက ဂရုမစိုက်ဘူး။ သူ့ကို ဂျီကန်နေတယ်လို့ တွေးပုံနဲ့ ဖိုးနီကို မြန်မြန်သွားဖို့ပဲ လောဆော်နေတယ်။ ထပါ သားချေရယ်၊ ထစမ်းပါ ဆိုတဲ့ စကားကိုပဲ ထပ်တလဲလဲ ပြောနေတယ်။ ပြီးတော့ ပြောနေရင်း အဘွားရဲ့ အသံက စိတ်တိုတဲ့ပုံ ပေါက်ပြီး လေသံမာလာတယ်။

“တကယ် ထလို့ မရတာ၊ ခြေထောက်က ကျောက်ခဲတွေ ဆွဲထားသလို လေးနေတာကို”

ဖိုးနီ မလိမ်ဘူး။ အမှန်တကယ်လဲ ထလို့ မရဘူး။ ဒါကြောင့် ထလို့ မရတဲ့ အကြောင်းကို ထပ်ပြီး ပြောလိုက်တယ်။ ဒါပေမဲ့ အဘွားက လက်မခံဘူး။ ဖိုးနီ လိမ်နေတာလို့ ထင်ပြီး “ထပါ၊ ထပါ” ဆိုတဲ့ စကားကိုပဲ ထပ်တလဲလဲ ပြောနေတယ်။ ပြီးတော့ ထိုင်နေတဲ့ ဖိုးနီကိုလဲ အတင်းဆွဲထူဖို့ ကြိုးစားတယ်။ ဒီလိုနဲ့ ဖိုးနီရဲ့ စိတ်ထဲ ဒေါသဖြစ်လာပြီး ခြေထောက်တွေက ကျောက်ခဲတွေ ဆွဲထားသလို လေးပင်နေတာလို့ အသံကုန် အော်ပြောလိုက်တယ်။ အဲဒီနောက် ဘယ်လိုဖြစ်ကုန်တယ် မသိဘူး။ လမ်းပေါ်မှာ ပျံ့ကျဲနေတဲ့ ကျောက်ခဲလုံးတွေ ပြေးကပ်ပြီး ဖိုးနီရဲ့ ခြေထောက်တွေက ရုတ်တရက် ကြီးထွားလာတယ်။ ဘာလဲ၊ ဘာတွေ ဖြစ်ကုန်တာလဲ၊ မြင်နေရတဲ့ ကိစ္စပေမဲ့ ဖိုးနီ အဖြေ မသိဘူး။ အဖြေကို စဉ်းစားဖို့လဲ ခေါင်းထဲ အတွေးမပေါ်ဘူး။ ကျောက်တုံးတွေ ကပ်ပြီး တဖြည်းဖြည်း ကြီးလာတဲ့ သူ့ခြေထောက်တွေကို ကြည့်ပြီးတော့ပဲ အဘွားလို့ ထိတ်လန့်တကြား အော်လိုက်မိတယ်။

“လမ်းတွေက ဆန့်ထွက်နေတယ်”

လူတယောက် အလန့်တကြား အော်ပြောတဲ့အသံကို ကြားလိုက်ရတယ်။ ဖိုးနီ မော့ကြည့်တော့ လမ်းတွေက ဆွဲဆန့်လိုက်တဲ့ ရာဘာကွင်းလို ရှည်ထွက်ပြီး တောင် တွေ အဝေးကို ပြေးထွက်သွားတာ မြင်ရတယ်။

“တခုခု ဖြစ်နေပြီ”

“ဘာဖြစ်တာလဲ”

“မြန်မြန်လျှောက်ကြ၊ မြန်မြန်”



mgyoe.com

mgyoe.com SAMPLE BOOK

တယောက်နဲ့ တယောက် အော်ပြောတဲ့ အသံတွေက ပတ်ဝန်းကျင်တခုလုံး ဆူညံပွက်လောရိုက်နေတယ်။ လူတွေက ဖိုးနီတို့ မြေးအဘွားကို ရှောင်ကွင်းပြီး ကစဉ့်ကလျား ပြေးလွှားနေတယ်။

"မြန်မြန်ရောက်အောင် ငှက်လို ပျံပြီးသာ သွားချင်တော့တာပဲ"

နံဘေးနားက ဖြတ်သွားတဲ့ မိန်းမတယောက် အဲဒီလို ရေရွတ်တာကို ဖိုးနီ ကြားလိုက်ရတယ်။ အဲဒီနောက် အဲဒီမိန်းမက ချက်ချင်းပဲ ငှက်တကောင်အဖြစ် ပြောင်းလဲပြီး ပိတ်ဆိုင်းမည်းမှောင်နေတဲ့ တိမ်တွေကြားထဲကို ပျံတက်သွားတယ်။ ဘာဖြစ်သလဲ၊ ဘာတွေ ဖြစ်ကုန်တာလဲ။ ဖိုးနီရဲ့ ခေါင်းထဲမှာ မေးခွန်းတွေ ပလုံစီ ထနေတယ်။ အဖြစ်အပျက်တွေက မျက်စိတမှိတ်၊ လျှပ်တပြက်အတွင်းမှာပဲ မြန်မြန်ဆန်ဆန် ဖြစ်ပျက်နေတယ်။ ကောင်းကင်ထဲက မည်းမှောင်နေတဲ့ တိမ်လိပ်တွေ ဆီကနေ မိုးစက် မဟုတ်တဲ့ နှင်းမှုန်တွေလိုလို၊ မြူမှုန်တွေလိုလို အရာတွေ ရုတ်တရက် ခုန်ချလာတယ်။ ပတ်ဝန်းကျင် တခုလုံးကလဲ ရုတ်တရက် အေးစိမ့်ပြီး လူ အားလုံး ခိုက်ခိုက်တုန် ချမ်းလာတယ်။ အဲဒီနောက်တော့ ပတ်ဝန်းကျင် တခုလုံး အနက်ရောင် နှင်းမြူတွေနဲ့ ပိတ်ဆိုင်းပြီး ရုတ်တရက် အမှောင်အတိ ကျသွားတယ်။ တယောက်နဲ့ တယောက် အော်ဟစ်ပြောနေတဲ့ စကားသံတွေကို ကြားနေရသေးပေမဲ့ အချင်းချင်း မမြင်ရတော့ဘူး။ လူက အမှောင်ထုထဲမှာ တဦးတည်း ထီးတည်းကြီး ရှိသလို ဖြစ်နေတယ်။

"ဘာဖြစ်တာလဲ"

တယောက်က အော်ဟစ်ပြီး မေးလိုက်တဲ့အသံကို ကြားရတယ်။ ပြန်ဖြေတဲ့ အသံကိုတော့ မကြားရဘူး။ တဖျတ်ဖျတ် ပြေးလွှားနေတဲ့ ခြေသံတွေကပဲ အဆက် မပြတ် ဆူညံနေတယ်။

"သားချေ ကလေးလုပ်မနေနဲ့တော့၊ ငါ နင့်ကို လူကြီးတယောက်လိုရင်လဲ တွေးတတ်စေချင်တယ်၊ မဟုတ်လဲ ကလေးပေါက်စ ဖြစ်အောင် ပြန်လုပ်ပြီး သားပိုက်ကောင်များလို ရင်ဘတ်ထဲ ထည့်သယ်လို့ရရင် ကောင်းမယ်"

ဖိုးနီ အဘွားကို မမြင်ရတော့ဘူး။ ဒါပေမဲ့ နံဘေးမှာ အော်ဟစ်ပြီး ပြောနေတဲ့ အသံကိုတော့ ကြားနေရတုန်းပဲ။ အဲဒီအသံကြောင့်ပဲ အဘွား ဒေါသထွက်နေတာ သိပြီး သူ ကလေးဆန်နေတာ မဟုတ်တဲ့ အကြောင်းကို ပြန်ရှင်းဖို့ ကြိုးစားတယ်။ ဒါပေမဲ့ ဖိုးနီ မရှင်းလိုက်ရဘူး။ ဘာကြောင့်မှန်း မသိဘဲ သားပိုက်ကောင်ငယ်ကို သူ့အမေက ရင်ဘတ်အိတ်ထဲ ထည့်လွယ်သလိုမျိုး ဖိုးနီက ကလေးပေါက်စအရွယ်


mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ပြီး အဘွားရဲ့ ရင်ဘတ်က ထွက်တဲ့ အရေပြားအိတ်ထဲကို ရောက်သွားတယ်။

ထူးဆန်းတဲ့ ကိစ္စတွေက ဆက်တိုက် ဖြစ်ပျက်သွားတယ်။ ဘာဖြစ်တာလဲ ဆိုတဲ့ အဖြေမဲ့ မေးခွန်းတွေက ဖိုးနီရဲ့ခေါင်းထဲမှာ ပလူတွေလို ပျံနေတယ်။ သူ ဘာကြောင့် ဒီလို ဖြစ်သွားရတာလဲ။ သူ ဘာကြောင့် ကလေးတယောက် ဖြစ်ပြီး အဘွားရဲ့ ရင်ခွင်အိတ်ထဲကို ရောက်သွားရတာလဲ။ တွေးရင်း ဖိုးနီ ကြောက်လန့်တကြား တွန်းထိုး ရုန်းကန်တယ်။ ဒါပေမဲ့ ဖိုးနီရဲ့ လှုပ်ရှားမှုတွေက အားမပါဘူး။ ရေထဲမှာ လှုပ်ရှားနေရသလိုမျိုး ဖြစ်နေတယ်။ အဘွားလို့ ဖိုးနီ ကြောက်လန့်တကြား အော်တယ်။ ဖိုးနီရဲ့ ပါးစပ်က ဘာသံမှ ထွက်မလာဘူး။ ဘာဖြစ်တာလဲ ဆိုတဲ့ မေးခွန်း ကပဲ မုန်တိုင်းနဲ့အတူ ပါလာတဲ့ ရေလှိုင်းလိုမျိုး စိတ်ထဲမှာ တရှိန်ထိုး မြင့်တက်လာ တယ်။ သူ့ပတ်ပတ်လည်မှာ နံရံလို ကာရံထားတဲ့ အရေပြားကို ဖိုးနီ မြင်နေရတယ်။ လှုပ်ရှားလို့ ရနေသေးပေမဲ့ သူက လူတယောက်လို မဟုတ်တော့ဘူး။ အဲဒါအပြင် ပါးစပ်ကနေလဲ စကားပြောလို့ မရဘူး။ သူ ဘာဖြစ်သွားတာလဲ။ ဘာကြောင့် ဒီလို ဖြစ်သွားတာလဲပေါ့။ အဲဒီအချိန်မှာပဲ နားထဲ အဆက်မပြတ် ဝင်လာနေတဲ့ စကားသံ အချို့ကို ဖိုးနီ ရုတ်တရက် သတိပြုမိလိုက်တယ်။

"ဘုရား၊ ဘုရား ဘာတွေ ဖြစ်ကုန်တာလဲ၊ ဟိုမိန်းကလေးက ဘာလို့ ငှက်ကလေး ဖြစ်သွားတာလဲ၊ ပြီးတော့ သားချေက ဘာလို့ ဒီလို ဖြစ်သွားရတာလဲ၊ ဘာတွေ ဖြစ်ကုန်တာလဲ၊ ဘာတွေ ဖြစ်ကုန်တာလဲ၊ ကြည့်ရတာ ဒါ ပါးစပ်က ပြောတဲ့ အတိုင်း လိုက်ဖြစ်တာမျိုးလား။ ဒါနဲ့ မြူအမည်းတွေက ဘယ်က ရောက်လာတာလဲ၊ မိုးခြိမ်းသံကကော ဘာလဲ၊ အနောက်ကနေ ကြောင်တွေ လိုက်လာတာလား"

စကားသံတွေက အဆက်မပြတ် တီးခတ်နေတဲ့ ဗုံသံတွေလိုပဲ၊ နားထဲမှာ မရပ်မနား ကြားနေတယ်။

"အနောက်က ကြောင်တွေ လိုက်တာလား၊ ဘယ်လိုပဲဆိုဆို အခုအချိန် သားချေ ဒီလိုဖြစ်သွားတာတော့ ခပ်ကောင်းကောင်းပဲ၊ ဒါနဲ့ ပါးစပ်က ပြောတဲ့အတိုင်း ဖြစ်နေတာဆိုတော့ အရှေ့က တောင်တန်းကို မြန်မြန်ကျော်နိုင်အောင် ငါ လုပ်လိုက်ရ မလား"

ကနဦးတော့ နားထဲ ကြားနေတဲ့ အသံတွေကို ဘယ်သူ့အသံမှန်း ဖိုးနီ ချက်ချင်း မကျက်မိဘူး။ အဘွားရဲ့ ရင်ဘတ်အိတ်ထဲကို ရောက်သွားတဲ့အတွက် ဘာ မှန်းမသိဘဲ ထိတ်လန့်နေတာက တခု၊ လက်ရှိ ကြုံနေရတဲ့ အခြေအနေကို ကြောက် နေတာက တခုနဲ့ ကြားဖူးနေကျ အသံပဲ၊ ရင်းနှီးတဲ့ အသံပဲ၊ နေပါဦး၊ ဘယ်သူ့များလဲနဲ့


mgyoe.com

mgyoe.com SAMPLE BOOK

အသံကို မဖမ်းမိ ဖြစ်နေတယ်။ ဒီလိုနဲ့ အချိန်နည်းနည်းလောက်ကြာမှ အဲဒီအသံက အဘွားရဲ့အသံနဲ့ တူသလိုလိုပဲလို့ ဖိုးနီ သတိထားမိတယ်။ ဒါပေမဲ့ အဲဒီအချိန်အထိ ဖိုးနီရဲ့ စိတ်ထဲမှာ အဲဒီစကားတွေကို အဘွားက ပြောနေတယ်လို့ မထင်ဘူး။ အဘွားက စကားကို အဲဒီလောက် များများပြောတဲ့သူ မဟုတ်ဘူး။ တရက်လုံးနေမှ လေး၊ ငါး၊ ဆယ်ခွန်း၊ အခွန်းနှစ်ဆယ်လောက် ပြောတဲ့သူ။ အခု ကြားနေရတာက အဘွားရဲ့ အသံနဲ့ တူတယ် ဆိုပေမဲ့ မရပ်မနား ကြားနေရတာ။ အဲဒါအပြင် အဘွားရဲ့ ပါးစပ်က မလှုပ်နေဘူး၊ တင်းတင်းစေ့ပြီး ပိတ်ထားတာကို ဖိုးနီ သူ့အလိုလို သိနေတယ်။ အဲဒီအတွက် အဲဒီစကားတွေကို အဘွားက ပြောတယ်လို့ ဖိုးနီက မထင်တာ။ အဘွားရဲ့ ပါးစပ်က ပိတ်နေတယ်၊ အဲဒီ ကရားရေလွှတ်သလို တတွတ်တွတ်နဲ့ ပီပီသသ ကြားနေရတဲ့ အသံက အဘွားရဲ့ ပါးစပ်က ထွက်နေတာ မဟုတ်ဘူး၊ ဒါဆို အဲဒီအသံက ဘယ်သူ ပြောနေတဲ့ အသံလဲ၊ ဘယ်နေရာက လာတဲ့ အသံတွေလဲပေါ့။

တွေးနေတုန်းမှာပဲ 'ငါ ဒီတောင်တွေကို မြန်မြန်ကျော်နိုင်အောင် ခြေထောက်ကို အရှည်ကြီး ဆန့်လို့ရရင် ကောင်းမယ်' လို့ အဘွားရဲ့ ပါးစပ်က အော်ပြောတာကို ဖိုးနီ ကြားလိုက်ရတယ်။ အဲဒီနောက် တစုံတယောက်က သူ့ကို လေပေါ် ဆွဲမြှောက်လိုက်သလိုမျိုး ဖိုးနီ လွင့်ခနဲ မြှောက်တက်သွားတယ်။ ကြည့်လိုက်တော့ အဘွားရဲ့ ခြေထောက်တွေက သူ အော်ပြောတဲ့အတိုင်း ရာဘာကွင်းကို ဆွဲဆန့်လိုက်သလိုမျိုး ရှည်ထွက်နေပြီ။

"သားချေရဲ့ ချိုင်းထောက် ကျန်ခဲ့ပြီ"

(ဘယ်သူ ပြောမှန်း မသိတဲ့) အဘွားရဲ့ အသံနဲ့ တူတဲ့ စကားပြောသံကို ဖိုးနီ ထပ်ကြားရတယ်။ အဲဒီနောက်တော့ အဘွားရဲ့ လက်တွေက ရာဘာကွင်းလို ရှည်ထွက်ပြီး မြေကြီးပေါ်မှာ ကျန်ခဲ့တဲ့ ချိုင်းထောက်တွေကို ဆွဲယူလိုက်တယ်။ အဲဒါလဲ ပြီးရော အဘွားက သူ့ရဲ့ ရာဘာခြေထောက်ရှည်တွေနဲ့ အရှေ့ကနေ ပြေးနေတဲ့ တောင် တွေရဲ့ အနောက်ကို လှားခနဲ၊ လှားခနဲ ပြေးလိုက်တော့တာပဲ။

အဘွားရဲ့ရင်ခွင်လွယ်အိတ်က ပခက်လွှဲသလိုမျိုး ယိမ်းထိုးတုန်ခါနေတယ်။ ဒန်းစီးနေရသလိုပဲလို့ ဖိုးနီ တွေးမိတယ်။ အဘွားရဲ့ ရင်ခွင်လွယ်အိတ်ထဲကို မရောက်ခင် ကနဦး ခိုက်ခိုက်တုန် ချမ်းနေတာကလဲ တဖြည်းဖြည်း နွေးထွေးလာတယ်။ နှလုံးက တလှပ်လှပ် တုန်နေတုန်းပေမဲ့ ခဏကလောက် မမြန်တော့ဘူး။ ကျပ်တယ်၊ ကျပ်လိုက်တာ။ ဖိုးနီ ခြေထောက်နဲ့ လက်တွေကို ဆန့်ထုတ်ပြီး တွန်းကန်ကြည့်တယ်။ လူက နံရံအပျော့ကို ကန်ကျောက်နေရသလိုပဲ ဖြစ်နေပြီး ဘာမှ မထူးဘူး။ ဘာတွေ


mgyoe.com

mgyoe.com
ဖြစ်ကုန်တာလဲ။ ဖိုးနီ အသက်ကို ခပ်ပြင်းပြင်း ထပ်ရှူကြည့်တယ်။ ဒါပေမဲ့ ရင်ဘတ်တွေက မလှုပ်ရှားလာဘူး။ သူ သေသွားပြီလား။ အဘွားလို့ ဖိုးနီ အော်လိုက်တယ်။ ဖိုးနီရဲ့ အသံက မထွက်လာဘူး။ ဘာတွေ ဖြစ်ကုန်တာလဲ၊ ဘာတွေ ဖြစ်ကုန်တာလဲ။ မေးခွန်းကို ထပ်တလဲလဲ ရေရွတ်နေရင်းကပဲ ဖိုးနီရဲ့ အာရုံတွေက အပြင်လောကကို ရောက်သွားတယ်။

ပတ်ဝန်းကျင်မှာ မှောင်မည်းနေတဲ့ မြူအုပ်က အုပ်ဆိုင်းထားတုန်းပဲ။ (ဘာမှန်း မသိတဲ့) အလင်းတန်းတခုက ဆလိုက်မီး ထိုးသလိုမျိုး ကွက်ကွက်ကလေး လင်းပြီး အဘွားရဲ့ ရှေ့က လမ်းပြနေတယ်။ ပိုးပုရစ်တကောင်က မီးနောက်ကို လိုက်သလိုမျိုး အဘွားက အဲဒီအလင်းတန်းနောက်ကို ထပ်ကြပ်မကွာ လိုက်နေတယ်။ အဘွား ဘယ်သွားနေတာလဲ။ အလင်းတန်းရဲ့ ပိုးတဝါး ဖြန့်ကျက်မှုအောက်မှာ မြွေတကောင်လို ကောက်ကွေ့နေတဲ့ တောင်တက်လမ်းကို ဖိုးနီ ရိုးတိုးရိပ်တိပ် မြင်နေရတယ်။ လမ်းဘေးဝဲယာက သစ်ပင်တွေကလဲ အထက်ကောင်းကင်ကို ပျံတက်တော့မလို ထောင်မတ်နေတယ်။ အဘွားရဲ့ အရိပ်ကို မြင်လို့ပဲလား မသိဘူး၊ ငှက်တချို့ အလန့်တကြား ထပျံသွားတယ်။ အဘွားရဲ့ ရင်ခွင်အိတ်ထဲမှာ မြုပ်နေပေမဲ့ ပတ်ဝန်းကျင် တခုလုံးကို ဖိုးနီ မြင်နေ၊ သိနေ၊ ကြားနေရတယ်။ အဲဒါအပြင် အဘွားရဲ့ ခြေထောက်ကို မလိုက်တာ၊ ဒူးကို ကွေးလိုက်တာ၊ အဲဒီ ကွေးထားတဲ့ ဒူးကို ပြန်ဆန့်ပြီးတော့ ခြေဖဝါး နဲ့ မြေပြင် ထိသွားတာ၊ ခပ်သွက်သွက် သွားနေတဲ့ ခြေလှမ်းတွေနဲ့အတူ စည်းချက် ညီညီ ဝှေ့ယမ်းနေတဲ့ လက်တွေ၊ အဘွားရဲ့ ခန္ဓာကိုယ် လှုပ်ရှားမှုတိုင်းကိုလဲ သူ့ ကိုယ်တိုင်ရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေလိုမျိုး ဖိုးနီ သိနေတယ်။

"လယ်ကွက်တွေကိုတော့ ကျော်ခဲ့ပြီ၊ အခု တောင်တက်ရတော့မယ်၊ ဒီလောက်မြန်မြန် ရောက်လာတာ ခြေထောက်တွေရဲ့ ကျေးဇူးပဲ၊ ဒီတကွေ့ကျော်ရင် အရှေ့နားက 'ကျွန်းသုံးပင်' နေရာပဲ၊ နောက်ထပ် နည်းနည်း ထပ်လျှောက်လိုက်ရင် တောင်ထိပ်ကို ရောက်ပြီ၊ နောက်ထပ် တောင်သုံးလုံး ကျော်ရင်တော့ နားရမယ့် နေရာပဲ၊ အမယ်လေး ပြေးရတာ မောလိုက်တာ"

ပြောသူ မသိသေးတဲ့ စကားသံက ဖိုးနီရဲ့ နားထဲကို နိမ့်ချည်မြင့်ချည် ဝင်လာနေတယ်။ အဘွားရဲ့ ခပ်ပြင်းပြင်း ဝင်ထွက်နေတဲ့ အသက်ရှူသံနဲ့ အရှိန်ပြင်းပြင်း ခုန်နေတဲ့ တဒုတ်ဒုတ် နှလုံးခုန်သံတွေကိုလဲ သံစဉ်မှန်မှန် ကြားနေရတယ်။ အနွေးဓာတ်က တဖြည်းဖြည်း လွှမ်းခြုံလာတယ်။ ရင်ခွင်လွယ်အိတ်ကလဲ ယိမ်းလေး ခိုနေတယ်။ အခြေအနေက ပုခက်စီးပြီး အိပ်နေရသလိုပဲ။ ဒီလိုနဲ့ လှုပ်ယမ်းနေတဲ့


mgyoe.com

mgyoe.com SAMPLE BOOK

အခြေအနေမှာ ကိုယ့်ကိုယ်ကိုယ် ကြိုးစား ထိန်းပေမဲ့ ကြုံခဲ့၊ တွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကြောင့် အံ့သြထိတ်လန့်ခဲ့ရတာတွေ၊ ပင်ပန်းမောဟိုက်ခဲ့ရတာတွေက ဖိစီးပြီး ဖိုးနီ တဖြည်းဖြည်း နဲ့ အိပ်မောကျသွားခဲ့တယ်။

■


mgyoe.com

mgyoe.com SAMPLE BOOK

## ၂။

"ငါ ဒုက္ခရောက်လာလို့၊ ဒီရွာမှာ ခဏ ခိုလို့ရမလား"

အဘွားဒေါ်မြကျေးရဲ့ အသံက အိပ်မောကျနေတဲ့ ဖိုးနီကို လှုပ်နှိုးလိုက်တယ်။ အိပ်ပျော်နေရာက လန့်နိုးလာပြီးတဲ့နောက် ပထမတော့ သူ့ရဲ့ကျဉ်းကျပ်တဲ့ အနေအထား၊ လှုပ်ရှားလို့ မရတဲ့ အခြေအနေတွေကို ဖိုးနီ နားမလည်နိုင် ဖြစ်နေတယ်။ သူ ဘာဖြစ်နေတာလဲ၊ သူ ဘယ်ကို ရောက်နေတာလဲပေါ့။ အိပ်မပျော်ခင် ဖြစ်ပျက်ခဲ့တာတွေက ဖိုးနီရဲ့ခေါင်းထဲမှာ ရုတ်တရက် ပေါ်မလာဘူး။ စိတ်က ယောင်တောင်တောင် ဖြစ်နေပြီး သူ့ကိုယ်သူ အိပ်မက်ထဲ ရောက်နေတာလားလို့လဲ ဖိုးနီ တွေးမိတယ်။ အချိန်က မိနစ်ဝက်လောက် ကြာမလားပဲ။ ဆန့်ထုတ်လိုက်တဲ့ ခြေထောက်က အဘွားရဲ့ရင်ဘတ်အိတ် နံရံအပျော့ကို ကန်မိပြီး၊ အဲဒီနောက်တော့ သူ အဘွားရဲ့ရင်ဘတ်အိတ်ထဲ ရောက်နေတဲ့အကြောင်းကို ဖိုးနီ မှတ်မိသွားတယ်။

"ရပါတယ်"

အသံသြသြနဲ့ ယောက်ျားသံတသံက ဖိုးနီရဲ့ နားထဲကို ထပ်ဝင်လာတယ်။ ကြည့်လိုက်တော့ အဘွားက ရွာတရွာရဲ့ ဝင်ပေါက်လို နေရာမျိုးမှာ ရောက်ပြီး ယောက်ျားကြီးတဦးနဲ့ စကားပြောနေတာ။ ယောက်ျားက သူ့ရဲ့နာမည် မြင့်သန်းလို့ ပြောတယ်။ ရွာက လူတွေကတော့ သူ့ကို ဆံရှည်မြင့်သန်းလို့ ခေါ်ကြတယ်တဲ့။ သူက ဒီရွာက လူကြီးတယောက်လို့လဲ မိတ်ဆက်တယ်။ အသက်ကြီးကြီး တုတ်တုတ်ခိုင်ခိုင်ကိုမှ ကတုံးဖြစ်နေတဲ့ လူကြီးကို ဆံရှည်မြင့်သန်းလို့ ခေါ်ကြတယ် ဆိုတာကြားတော့ စိတ်ရှုပ်နေတဲ့ကြားက ဖိုးနီ ခိခနဲ ရယ်မိတယ်။ အဲဒီတုန်း မရယ်နဲ့၊ မရယ်ရဘူး၊ ရွာလူကြီးတဲ့၊ စော်ကားသလို ဖြစ်သွားလိမ့်မယ် ဆိုတဲ့ အသံတသံက ဖိုးနီရဲ့ နားထဲ ဝင်လာတယ်။ ဒါ ဘယ်က အသံလဲ၊ ဘယ်သူ့ကို ပြောနေတာလဲ၊ သူ့ကို ပြောနေတာလား။ ဖိုးနီ အသံလာတဲ့ နေရာကို လိုက်ရှာတယ်။ အသံက အဘွားရဲ့အသံနဲ့ တူတယ်။ ဒါပေမဲ့ အဘွားရဲ့ပါးစပ်က ပိတ်ထားတာ၊ ဒီတော့ ဒီအသံတွေက အဘွား



mgyoe.com

mgyoe.com SAMPLE BOOK


ပြောတာ မဟုတ်နိုင်ဘူးလို့ ဖိုးနီ တွေးမိတယ်။ ခက်တာက သူတို့နံဘေး ပတ်ပတ်လည်မှာ အဘွားနဲ့ ဆံရှည်မြင့်သန်းက လွဲပြီး တခြား ဘယ်သူမှ မရှိဘူး။ ဘာဖြစ်တာလဲ၊ သူ နားကြားများ မှားသလားပေါ့။ အဘွားရဲ့ ခန္ဓာကိုယ်ထဲ စူးစမ်းတဲ့ သဘောနဲ့ ကြည့်လိုက်တော့ အဘွားရဲ့ စိတ်အတွင်း တနေရာမှာ တလိပ်လိပ် တက်နေတဲ့ ရယ်ချင်စိတ်တွေကို ဖိုးနီ တွေ့လိုက်ရတယ်။

အဘွားရဲ့ မျက်နှာက ယောင်ယောင်လေးတောင် မပြုံးဘူး။ ဒါပေမဲ့ အဘွားရဲ့ စိတ်ထဲမှာ ရှိနေတဲ့ ရယ်ချင်စိတ် တလိပ်လိပ်ကိုတော့ ထင်ထင်ရှားရှား မြင်နေရတယ်။ မရယ်နဲ့လို့ တားတဲ့ အသံကို ဖိုးနီ ကြားလိုက်ရပေမဲ့ အဲဒီစကားက အဘွားရဲ့ ပါးစပ်က ထွက်လာတာ မဟုတ်ဘူး။ ဘာတွေ ဖြစ်နေတာလဲ။ အဘွားရဲ့ ကိုယ်ထဲမှာ ရယ်ချင်စိတ်ကို တွေ့ပေမဲ့ အဘွားက ဘာလို့ မရယ်တာလဲ။ မရယ်နဲ့လို့ တားနေတဲ့ သူကကော ဘယ်သူလဲ။ အသံက အဘွားရဲ့ အသံနဲ့ တူတယ်၊ ဒါပေမဲ့ အဘွားရဲ့ ပါးစပ်က တစိုးတစိတောင် မဟဘူး။ သူ မြင်နေရတာနဲ့ ကြားနေရတာ မကိုက်ညီနေတာကို ဖိုးနီ နားမလည်နိုင်ဘူး ဖြစ်နေတယ်။ နောက်တော့ သူ အိပ်ပျော် မသွားခင်တုန်းက အခုလိုပဲ အဘွားရဲ့ အသံနဲ့ ဆင်တူတဲ့ အသံတခု အဆက်မပြတ် ကြားနေရတာကို ဖိုးနီ ပြန်သတိရလိုက်တယ်။ မရယ်နဲ့လို့ တားနေတာ အဲဒီအသံရှင် ဖြစ်မှာပဲ၊ ဒါဆို အဲဒီလူက ဘယ်သူလဲပေါ့။ အဘွားက ရယ်ချင်စိတ် ရှိနေပြီး မရယ်တာ အဲဒီအသံရှင်ရဲ့ စကားကို နားထောင်တာလား၊ ဒါဆိုရင် အဘွားက အဲဒီလူ ပြောတာကို နာခံရတာလားပေါ့။

ဆံရှည်မြင့်သန်းက 'ကျုပ်တို့ ပန်းစုံတောက' လို့ အစချီပြီး သူတို့ရွာအကြောင်းတွေကို ကရားရေလွှတ် တတွတ်တွတ် ပြောပြနေတယ်။ အဘွားက ဆံရှည်မြင့်သန်း ပြောသမျှ စကားတွေကို မျက်နှာ ကိုယ်ဟန်မပျက် နားထောင်နေပြီးတော့ ပါးစပ်ကနေ 'အင်း'၊ 'ဟုတ်သလား' နဲ့ တချက်တချက် စကားထောက်နေတယ်။ အဘွားရဲ့ အသံနဲ့ ဆင်တူတဲ့ မိန်းမသံနဲ့ ပင်ပန်းလိုက်တာ၊ နားချင်နေပြီ၊ သားချောကို ငါ့ရင်ဘတ်မှာ အိတ်နဲ့ လွယ်ထားတာ ပြောလို့ မဖြစ်ဘူး၊ အခြေအနေကို ကြည့်ပြီးမှ လုပ်ရမယ် ဆိုတဲ့ စကားသံတွေကို ဖိုးနီ အဆက်မပြတ် ကြားနေပြီး ဆံရှည်မြင့်သန်းနဲ့ အဘွားရဲ့ စကားဝိုင်းကို အာရုံ မရောက်နိုင်ဘူး။ သားချော... တဲ့၊ နားထောင်ရင်း အဲဒီ မိန်းမသံထဲ ပါလာတဲ့ စကားတခွန်းကို ဖိုးနီ သတိထားမိတယ်။ အဲဒါ သူ့ကို အဘွား ခေါ်နေကျ နာမည်ပဲ၊ အဲဒါအပြင် အဲဒီမိန်းမသံ ပြောနေတာကလဲ အဘွားရဲ့ ရင်ဘတ်အိတ်ထဲကို သူ ရောက်နေတဲ့အကြောင်း ဖြစ်နေတယ်။ အဲဒီကိစ္စကို သူနဲ့ အဘွားက


mgyoe.com

လွဲလို့ ဘယ်သူမှ မသိဘူး၊ ဒါဆို သူ ကြားနေရတဲ့ အဲဒီအသံရှင်က အဘွား ဖြစ်နေတာလားပေါ့။ အဘွားရဲ့ ပါးစပ်က ဘာမှ မပြောနေဘူး။ ဇစ်နဲ့ ဆွဲပိတ်ထားသလို စေ့နေတယ်။ အသံတွေကိုတော့ နားထဲမှာ အဆက်မပြတ် ကြားနေရတာ၊ တခွန်းတလေ ပြောတဲ့စကားမို့ နှုတ်ခမ်း တချက်တလေပဲ လှုပ်သွားတာကို မသိလိုက်တာမျိုးလဲ မဖြစ်နိုင်ဘူး။ သူ့နားနဲ့ မျက်စိက ရန်ဖြစ်နေသလားလို့ ဖိုးနီ တွေးမိတယ်။ စဉ်းစားရင်းကနေပဲ တတွတ်တွတ် ကြားနေရတဲ့ အသံက အဘွားရဲ့ အသံပဲ၊ အဘွားက လွဲပြီး တခြားလူ မဖြစ်နိုင်ဘူး ဆိုတာကို ဖိုးနီရဲ့ စိတ်ထဲ တဖြည်းဖြည်းနဲ့ သေချာလာတယ်။

'သားချေကို ငါ့ရင်ဘတ်အိတ်ထဲမှာ လွယ်ထားတာ ပြောလို့ မဖြစ်ဘူး၊ ဒီအချိန် ကြမ်းပေါ် လှဲလိုက်ရရင်တော့ တုံးခနဲ နေမလားပဲ'

ကြားရတဲ့ စကားသံတွေကို ဖိုးနီ သံယောင်လိုက်မိတယ်။ ဖြစ်နိုင်ချေ ရှိတာကို ဖိုးနီ ထောင့်ပေါင်းစုံက စဉ်းစားတယ်။ အမျိုးမျိုးလဲ အဖြေရှာကြည့်တယ်။ အဲဒီ တုန်းမှာပဲ အဘွားရဲ့ မျက်လုံးတွေက သူ့မျက်လုံးတွေ ဖြစ်ပြီး အဘွား မြင်သမျှ သူ မြင်နေရတာ၊ အဘွားရဲ့ နားတွေက သူ့နားတွေ ဖြစ်ပြီး အဘွား ကြားသမျှ သူ ကြားနေရတာ၊ အဲဒါအပြင် အဘွားရဲ့ လှုပ်ရှားမှု မှန်သမျှကို သူ သိနေတာ၊ အဲဒါတွေ အားလုံးက ဖိုးနီ ခေါင်းထဲ ရုတ်တရက် ဝင်လာတယ်။ ပြီး ကြားနေရတဲ့ စကားတွေက တယောက်ယောက်ကို ပြောနေတာထက် ကိုယ့်ကိုယ်ကိုယ် ပြောနေတဲ့ စကားတွေနဲ့ တူသလိုပဲလို့လဲ ဖိုးနီ ရုတ်တရက် တွေးမိလိုက်တယ်။ နောက်ဆုံးတော့ တကိုယ်တည်းပြောစကား ဆိုတဲ့ အသိက ခေါင်းထဲ လက်ခနဲ ပေါ်လာပြီး အဲဒီ တတွတ်တွတ် ပြောနေတဲ့ စကားတွေက အဘွား သူ့ကိုယ်သူ ပြောနေတဲ့ အသံတိတ် တကိုယ်ရေ စကားတွေပဲ ဆိုတာကို ဖိုးနီ သိသွားတယ်။ ပြီး သူက အဘွားရဲ့ လှုပ်ရှားမှုတွေတင် မကဘဲ အတွေး၊ အကြံ၊ စိတ်ကူးတွေကိုပါ အဆီးအတား မရှိ တိုးလျှိုပေါက် သိနေတာကိုလဲ ဖိုးနီ သိသွားတယ်။

ပထမတော့ အဲဒီ ထူးဆန်းတဲ့ အခြေအနေကို ဖိုးနီ စိတ်လှုပ်ရှားတာက တဝက်၊ စိတ်ရှုပ်ထွေးတာက တဝက် ဖြစ်နေတယ်။ အဘွားရဲ့ စိတ်ထဲမှာ ဘာတွေ ရှိနေသလဲ။ အဘွားနဲ့ ဆံရှည်မြင့်သန်း ဘာတွေ ပြောပြီး အဘွားက သူ့စိတ်ထဲ ဘာတွေ ပြန်တွေးနေသလဲနဲ့ နှစ်ဦးရဲ့ အပြန်အလှန် စကားဝိုင်းကို စိတ်ဝင်တစား နားထောင်နေမိတယ်။

"အခု ဒီနေရာကနေ လှမ်းကြည့်ရင် မြင်နေရတဲ့ တောအုပ်၊ အဲဒီတောအုပ်ရဲ့ အကျော်မှာ မြစ်တစင်း ရှိတယ်။ အဲဒီမြစ်ရဲ့ တဖက်ကမ်းမှာတော့ အိုရန်လို့ ခေါ်တဲ့ မြို့



mgyoe.com

mgyoe.com

တမြို့ ရှိတယ်"

ဆံရှည်မြင့်သန်းက အဘွား ကျွေးပေးထားတဲ့ ဘက်ကို လက်ညှိုးထိုးပြီး ပြောတယ်။

"အိုရန်...၊ ငါ အဲဒီမြို့ကို အခုမှ ကြားဖူးတာပဲ"

အဘွားက ဆံရှည်မြင့်သန်း ပြောတဲ့ မြို့နာမည်ကို သံယောင်လိုက် ရေရွတ်ပြီး သူ မသိတဲ့အကြောင်း ပြန်ပြောတယ်။

ပန်းစုံတောမှာ နေတဲ့သူတွေက ကိုယ့်ဇာတိရွာကနေ ထွက်ပြေးလာကြတဲ့ ဒုက္ခသည်တွေလို့ ဆံရှည်မြင့်သန်းက ဆိုတယ်။ သူတို့က လကုန်ရက်တွေမှာ တလ တခါ ရောက်လာတဲ့ ကုန်တင်ကားတွေကို မှီခိုနေကြတာလို့လဲ ပြောတယ်။ ပထမ တော့ အဘွားက ဆံရှည်မြင့်သန်းရဲ့ စကားကို စိတ်ဝင်စားဟန်နဲ့ 'ဪ၊ ဟုတ် သလား' ဆိုပြီး စကားထောက်နေတယ်။ နောက်တော့ လေလွင့်တဲ့ ရော်ရွက်လိုမျိုး အတွေးက စကားဝိုင်းကနေ လွင့်ထွက်သွားပြီး သူ ရွာက ထွက်ပြေးခဲ့တာတွေ၊ လမ်း မှာ ဖြစ်ပျက်ခဲ့တာတွေဆီကို ရောက်တယ်။ အဲဒီနောက် အဲဒီအတွေးတွေနဲ့ ဆက် စပ်ပြီး ကျိုးကန်းနဲ့ ကြောင်တွေ ဒီရွာကို ရောက်လာတတ်သလား ဆိုတဲ့ မေးခွန်း တခုက အဘွားရဲ့ ခေါင်းထဲကို တိုးဝင်လာတယ်။

'ရောက်လာရင်တော့ ဒုက္ခပဲ'

အဘွား တကိုယ်ရေ ညည်းညူစကား ဆိုလိုက်တာကို ဖိုးနီ ကြားရတယ်။ ဆံရှည်မြင့်သန်းက သူ့စကားတွေကို မရပ်ဘူး။ သူ ဒီကို ရောက်တာ ဘယ်လောက် ကြာပြီဖြစ်ကြောင်း၊ သူ ဘယ်လောက်အထိ အိမ်ကို ပြန်ချင်နေတဲ့အကြောင်း တဖွဲ့ တနွဲ့ ပြောနေတယ်။ သူတို့ထဲက တချို့ အိမ်ပြန်ဖို့ ကြိုးစားကြတဲ့ အကြောင်းတွေကို လဲ ပြောတယ်။ နောက် အချိန် ဘယ်လောက် ကုန်သွားတယ် မသိဘူး။ ဆံရှည် မြင့်သန်းက သူ ပြောနေတဲ့ စကားကို ရပ်လိုက်တဲ့ အချိန်မှာပဲ အဘွားက "ဒီကို ဟိုကောင်တွေ လာပြီး နှောင့်ယှက်လေ့ရှိသလား" လို့ တလောတကြီး မေးလိုက်တယ်။ အဘွားရဲ့ မေးခွန်းက ဆံရှည်မြင့်သန်း ပြောလက်စ စကားနဲ့ အဆက်အစပ် မရှိဘူး။ ဒါပေမဲ့ ဆံရှည်မြင့်သန်းက နားလည်တဲ့ဟန်နဲ့ ချက်ချင်းပဲ ပြန်ဖြေတယ်။

"တခါတလေမှပါ။ ရောက်လာရင်လဲ တကောင်တလေပါပဲ၊ ကြည့်ရတာ လမ်းမှားပြီး ရောက်လာကြပုံပဲ၊ စိုးရိမ်စရာ မရှိပါဘူး"

အဖြေကို ကြားပြီး အဘွားက 'အင်း' လို့ ပါးစပ်က ရေရွတ်လိုက်ပေမဲ့ စိတ် ကတော့ အေးမသွားဘူး။ စိုးရိမ်စိတ်က အဘွားရဲ့အတွေးထဲမှာ ပင်လယ်ဒီလှိုင်းလိုမျိုး


mgyoe.com

တလိပ်လိပ် တက်နေတုန်းပဲ။ 'ဒါဆိုရင် အပြင်ကို တယောက်တည်း ထွက်လို့ မဖြစ်ဘူး၊ မတော်လို့ ကြောင်တွေနဲ့ တည့်တည့်တိုးရင် ဘယ့်နှယ်လုပ်မလဲ' လို့ စိတ်ထဲ တကိုယ်ရေစကား ပြောနေတာကိုလဲ ဖိုးနီ ကြားနေရတယ်။ အချိန်တွေက တအိအိ ကုန်သွားတယ်။ ခဏအတွင်းမှာပဲ ဆံရှည်မြင့်သန်းရဲ့ အဆက်မပြတ် ပြောနေတဲ့ စကားတွေ၊ အဘွားရဲ့ တတွတ်တွတ် တကိုယ်ရေ စကားတွေကို ဖိုးနီ ငြီးငွေ့သလို ဖြစ်လာတယ်။ ပြီးတော့ ဖိုးနီရဲ့ အာရုံတွေက နံဘေးပတ်ဝန်းကျင်ကို အလိုအလျောက် ပျံ့သွားတယ်။

ပတ်ဝန်းကျင်မှာ အနက်ရောင် မြူထုက အုပ်ဆိုင်းနေတုန်းပဲ။ ဒါပေမဲ့ ဖိုးနီ အဘွားရဲ့ ရင်ခွင်အိတ်ထဲကို စပြီး ရောက်တဲ့ အချိန်တုန်းကလိုတော့ မထူထပ်၊ မမှောင်မိုက်တော့ဘူး။ ဇာပဝါပါး လွှားထားသလိုမျိုး ခပ်ပါးပါးပဲ ကျနေပြီး လူတခေါ် လောက် ဝေးတဲ့ ခပ်လှမ်းလှမ်း တောစပ်က မိုးမျှော်သစ်ပင်တွေကို မှုန်ပျပျ လှမ်းမြင်နိုင်သလို အဘွား မျက်နှာမူထားတဲ့ ပေတရာလောက် အကွာက ရွာဝင်ပေါက် မျက်နှာစာမှာ ဆိုင်းဘုတ်နှစ်ခု ထောင်ထားတာကိုလဲ ရှင်ရှင်းလင်းလင်း မြင်နေရတယ်။

'သူ့စကားက ဘယ်တော့မှ လက်စသတ်မှာလဲ'

မကျေမချမ်း ပြောလိုက်တဲ့ အဘွားရဲ့ တကိုယ်ရေ စကားသံက ဖိုးနီရဲ့ နားထဲကို ဝင်လာတယ်။ နားချင်နေပြီ...တဲ့။ အဘွားက သူ့ရဲ့ တကိုယ်ရေ စကားတွေကို မရပ်ဘူး။ လူကတော့ ဘာမှ မဖြစ်သလို ဟန်မပျက် ရှိနေတုန်း။ စိတ်ထဲမှာ တခြား၊ အပြင်မှာ ပြောနေ၊ လုပ်နေတာက တခြား၊ ဟန်ဆောင်နေတယ်လို့ ပြောရမလားပဲ။ အဘွား အဲဒီလို ဖြစ်နေတာကို ကြည့်ပြီး သူ့အဘွားက ဒီလို ဟန်ဆောင်တတ်တာလား လို့ ဖိုးနီ ကနဦး အံ့ဩနေတယ်။ နားချင်နေတာများ ပြောလိုက်ပါလားလို့လဲ ပြောမိတယ်။ ပြီးတော့ ဖိုးနီရဲ့ အတွေးတွေက အဲဒီလို စိတ်ထဲမှာ တခြား၊ အပြင်မှာ တခြား ဖြစ်တတ်တဲ့ လူ့သဘာဝအကြောင်းကို ရောက်သွားတယ်။ ပထမတော့ အဘွားရဲ့ အတွေးတွေကို သိနေလို့သာ သူ အဘွားရဲ့ စိတ်ရင်းအမှန်ကို သိနေတာပဲပေါ့။ မဟုတ်ရင်တော့ အဘွားရဲ့ မင်သေပုံနဲ့ ဆံရှည်မြင့်သန်းလိုပဲ သူ ဘာမှ သိမှာ မဟုတ်ဘူးလို့ တွေးမိတယ်။ နောက်တော့ သူ အဘွားရဲ့ အတွေးတွေကို သိနေသလိုမျိုး အဘွားကကော သူ့အတွေးတွေကို သိနေသလား ဆိုတဲ့ မေးခွန်းက ဖိုးနီရဲ့ ခေါင်းထဲကို ဆက်ဝင်လာတယ်။ သိနေသလား၊ အဘွားက သူ့အတွေးတွေကို အရူမ ချေးခါး မကျန်အောင် သိနေသလားပေါ့။ အဲဒီလိုသာ သိနေရင် သူ ဘယ်လို လုပ်မလဲပေါ့။ သူက အဘွားရဲ့ စိတ်နဲ့ ကိုယ်ခန္ဓာ အကုန်လုံးကို အတားအဆီး မရှိ တိုးလျှိုပေါက်


mgyoe.com

mgyoe.com SAMPLE BOOK

မြင်နေရပေမဲ့ သူ့ဘက်က အဲဒီလို မြင်နေရတာ ဘာမှ မဖြစ်ဘူး။ သူ နေရ မခက်ဘူး။ ဒါပေမဲ့ သူ့ကိုသာ အဲဒီလို မြင်နေရတယ် ဆိုရင်တော့ ဒုက္ခပဲ၊ သူ တွေးတောကြံဆသမျှ အကုန်သာ သိနေတယ် ဆိုရင် သူ ဘယ်လို လွတ်လပ်တော့မလဲ။ အဲဒါအပြင် အဲဒီလို သိနေတာကို သူက မသိနေရင် တော်သေးရဲ့။ အခုက အဲဒီလို မဟုတ်ဘူး။ စိတ်နေကျဉ်းကျပ် ဆင်ခြင်နေရမယ့် အရေးကို တွေးပြီး ဖိုးနီ နေလို့ မကောင်းတော့ဘူး။ ဘယ်လို လုပ်ရမလဲ၊ သူ ဘယ်လို လုပ်ရမလဲ၊ အဘွားက သူ့အတွေးတွေ၊ စိတ်တွေကို သိနေ၊ မနေ သူ ဘယ်လို သိနိုင်မလဲပေါ့။ အသံ မထွက်မှန်း သိပေမဲ့ ခေါ်လို့ ရများရနေမလား ဆိုတဲ့အတွေးနဲ့ ဖိုးနီ စိတ်ထဲကနေ 'အဘွား၊ အဘွား' လို့ ခေါ်ကြည့်တယ်။ ဒါပေမဲ့ အဘွားက ဖိုးနီရဲ့ အခေါ်ကို မတုံ့ပြန်ဘူး။ ဆံရှည်မြင့်သန်းရဲ့ စကားတွေနဲ့ သူ့ရဲ့ တကိုယ်ရေ အတွေးတွေမှာပဲ အာရုံရှိနေတယ်။ အဘွားက တကယ်ပဲ သူ ခေါ်နေတာကို မကြားဘူးလား၊ ဒါမှမဟုတ် သူ့ကို ဂရုမစိုက်တာလား၊ မသိဘူး နေမှာပါလို့ တွေးပေမဲ့ စိတ်ထဲ ဘဝင်မကျဘူး။ ဒီလိုနဲ့ အဘွားရဲ့ လက်ရှိ အတွေးတွေကို ခရေစေ့တွင်းကျ စစ်ဆေးကြည့်ဖို့ ဖိုးနီ တွေးမိတယ်။

အဘွားက သူ့ရဲ့အာရုံကို ဆံရှည်မြင့်သန်းရဲ့ စကားတွေမှာ စူးစိုက်ထားတယ်။ စူးစိုက်ထားတယ် ဆိုပေမဲ့ မရွေ့မလျား၊ ငြိမ်သက်တည်ငြိမ်နေတာမျိုးတော့ မဟုတ်ဘူး။ ဆံရှည်မြင့်သန်းရဲ့ စကားတွေကို နားထောင်နေရင်းက ဒီလိုတော့ ဖြစ်သင့်တယ်၊ ဒီလိုတော့ မဖြစ်သင့်ဘူးလို့ တုံ့ပြန်ပြီး တွေးတဲ့အခါ တွေးတယ်။ တချက်တချက် နံဘေးပတ်ဝန်းကျင်ကို အတွေး လွင့်သွားတာကိုလဲ မြင်ရတယ်။ အဲဒါအပြင် ဗိုက်ဆာသလား၊ အပေါ့ စွန့်ချင်သလိုပဲ၊ ရေသောက်လိုက်ရရင် ကောင်းမယ်လို့ သူ့ခန္ဓာကိုယ် လိုအင်တွေကို ဆင်ခြင်စဉ်းစားတာကိုလဲ မြင်ရတယ်။ ဒီရွာမှာ နေလို့ အဆင်ပြေ ကောင်းပါရဲ့၊ ကောင်းရင်တော့ ဒီနေရာမှာ ကြာကြာနေရမယ်၊ မကောင်းရင်တော့ တခြားနေရာကို ထပ်ရွှေ့ရမှာပဲ၊ ပြန်စရာ အိမ်လဲ မရှိတော့ဘူး၊ သမီးနဲ့ သူ့အဖေက ဒီနေရာအထိ လိုက်လာတတ်ပါ့မလားနဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ်တွေဆီကို လှစ်ခနဲ၊ လှစ်ခနဲ ပြေးလွှားသွားတဲ့အခါလဲ သွားတယ်။ ဥပမာပြရရင် အဘွားရဲ့ အတွေးတွေက အဆာပလာ အစုံထည့်ထားတဲ့ မုန့်ဒိုးကြီး ပွက်ပွက် ဆူနေသလိုပဲ။ ဘယ်ဟာက ဘာဆိုတာကို တချက်တချက် မြင်နေရပေမဲ့ အားလုံးကို တိတိကျကျ ခွဲခြမ်းစိတ်ဖြာဖို့ကျ မလွယ်ဘူး။ တခါတလေ ကူကယ်ရာ မဲ့သလို လေးပင်တဲ့ အတွေး တွေ တလိပ်လိပ် တက်လာတာကို မြင်ရတယ်။ တခါတလေတော့ ဝမ်းနည်းစိတ်ကို အန်တု မာန်တင်းပြီး အတွင်းကျိတ် ပြုံးလိုက်တာကို တွေ့ရတယ်။


mgyoe.com

 SAMPLE BOOK 

ဒီလိုနဲ့ အချိန် ခဏကြာမှ အဘွားရဲ့ အတွေးထောင့် တနေရာမှာ ငြိမ်သက်နေတဲ့ ဖိုးနီရဲ့ အကြောင်း တချို့ကို တွေ့ရတယ်။

'သားချောကို ကလေးလို ရင်ခွင်ပိုက်ထားနိုင်တာ တော်သေးတာပဲ၊ မဟုတ်ရင် သူ့ကိုယ်ကြီးလဲ ငါ မသယ်နိုင်နဲ့ ဒုက္ခပဲ'

'အခုတော့ ထုတ်လို့ မဖြစ်သေးဘူး၊ ခဏနေ လူ မရှိတဲ့အချိန်မှ အခြေအနေ ကြည့်ပြီး ထုတ်ရမယ်။ အဆင်မပြေရင်တော့ ပြန်ထည့်ထားရမှာပဲ'

အဘွားရဲ့ အတွေးထဲမှာ တွေ့ရတဲ့ ဖိုးနီရဲ့ အကြောင်းက ဒီလောက်ပဲ။ လက်ရှိ သူ့ကို ဖိုးနီ ခေါ်နေတာ၊ အပြင်ကို ထွက်ချင်လို့ ပြောနေတာတွေနဲ့ အခု သူ့စိတ် ကို မွှေနှောက်ပြီး စူးစမ်းနေတာတွေ မတွေ့ရဘူး။ ဒါပေမဲ့ ဖိုးနီ စိတ်မချနိုင်ဘူး။ အဘွားက တခုခု ထိမ်ချန်ထားတာ၊ ဝှက်ထားတာလဲ ဖြစ်နိုင်တာပဲလို့ တွေးမိတယ်။ ဒါနဲ့ အဘွားရဲ့ အတွေးထဲက သူ့အကြောင်းတွေကို စေ့စေ့ကြည့်ပြီး အဘွား၊ အဘွား လို့ ဖိုးနီ သုံးလေးကြိမ် ထပ်ခေါ်တယ်။ ပြီးတော့ ကနဦး ရှိနေတဲ့ အဘွားရဲ့ အတွေးမှာ ဘာတွေ အသစ်ပြောင်းသွားသလဲ၊ ဟော… ငါ့မြေးက ငါ့ကို ခေါ်နေပြီလို့ တွေးလိုက်သလားနဲ့ စစ်ဆေးကြည့်တယ်။ ဒါပေမဲ့ ဖိုးနီနဲ့ ပတ်သက်တဲ့ အဘွားရဲ့ အတွေးတွေက တစိုးတစိကလေးတောင် မပြောင်းဘူး။ ပိုပြီး သေချာအောင် အဘွား သူ့ အောက်ကို ဆင်းချင်တယ်လို့ ထပ်ပြောကြည့်တယ်။ ဒါပေမဲ့ အဘွားက ဆံရှည်မြင့်သန်းရဲ့ စကားမှာပဲ ခေါင်းတညိတ်ညိတ် ရှိနေပြီး ဖိုးနီရဲ့ စကားကို သိပုံမရဘူး။ ဒါနဲ့ မသိပုံပဲ၊ ကြည့်ရတာ အဘွားက သူ ပြောသမျှ၊ လုပ်သမျှ ဘာကိုမှ သိပုံမရဘူး။ ဒီလောက် ငြိမ်နေတာ၊ မသိချင်ယောင် ဆောင်နေတာတော့ မဖြစ်နိုင်ဘူးပေါ့။ သူ့အပြုအမူတွေက အဘွားရဲ့ အာရုံမှာ အရိပ် မထင်ဘူး ထင်ပါရဲ့ပေါ့။ နောက်ဆုံးတော့ အဘွားက လက်ရှိ သူ လုပ်နေ၊ တွေးနေတာတွေကို ဘာမှ မသိဘူးလို့ ဖိုးနီ စိတ်ဒုန်းဒုန်း ချလိုက်တယ်။ ဘယ်လိုပဲဆိုဆို အဲဒီလို မသိနေတာက နေရထိုင်ရ လွတ်လပ်တယ်၊ သိနေတာက ကျဉ်းကျပ်တယ် ဆိုပေမဲ့ အခုကတော့ လက်ရှိအခြေအနေကို သိသိ၊ မသိသိ သူ ဘာမှ လုပ်လို့ မရဘူး၊ ထားလိုက်ပါတော့လို့ စိတ်ကို လျှော့လိုက်တယ်။ မကြာခင် အရင်လို ပြန်ဖြစ်မှာပဲ၊ ခဏပဲပေါ့။ ဒီလိုနဲ့ ဖိုးနီရဲ့ အတွေးတွေက သူ့အကြောင်း အဘွား သိနေသလား ဆိုတာကနေ ဘယ်အချိန် အောက်ဆင်းရမလဲ ဆိုတ[illegible]ံ့ ပြောင်းသွားတယ်။ အခုအတိုင်း နေရတာက ပျင်းစရာကြီး၊ ကျပ်လဲ ကျပ်တယ်။ အစား စားဖို့ မလို၊ အလုပ် လုပ်ဖို့ မလိုဘူး ဆိုပေမဲ့ အခုလိုတော့ အကြာကြီး မနေချင်ဘူး။ နေနိုင်မယ်လဲ မထင်ဘူး။ အခုတော့ လူက လူဆိုပေမဲ့ လူ မဟုတ်သလို


mgyoe.com

mgyoe.com

ဖြစ်နေတာ၊ အဲဒီ အခြေအနေကို သူ မကြိုက်ဘူးပေါ့။

"ဒါဆို ကျုပ် ခင်ဗျားနေရမယ့် အိမ်ကို လိုက်ပြမယ်"

တွေးနေတုန်းမှာပဲ ဆံရှည်မြင့်သန်း ပြောတာကို ဖိုးနီ ကြားရတယ်။ အဲဒီနောက် ဆံရှည်မြင့်သန်းရဲ့ စကားကို ငြိမ်သက်ပြီး နားထောင်ဟန် ဆောင်နေတဲ့ အဘွားက ချက်ချင်း လှုပ်ရှားလာပြီးတော့ နှစ်ယောက်သား ရွာဘက်ကို ဦးတည်ပြီး လျှောက်ခဲ့ကြတယ်။ ရွာနဲ့ နီးလာတာနဲ့အမျှ အဝေးက လှမ်းမြင်နေရတဲ့ ရွာဝင်ပေါက်က အဘွားရဲ့ မျက်လုံးထဲ နီးနီးကပ်ကပ် တိုးဝင်ပြီး မြင်ကွင်းက ပိုရှင်းလာတယ်။ ရွာစည်းရိုးကို လူကြီး ပေါင်လုံးအရွယ်၊ ခြောက်ပေလောက် မြင့်တဲ့ သစ်လုံးတွေနဲ့ အခိုင်အခံ့ ကာထားတာ၊ ရွာအဝင် တံခါးကို သစ်သားချောင်းတွေနဲ့ ခိုင်ခိုင်ခံ့ခံ့ လုပ်ထားတာ၊ ပြီးတော့ အဲဒီစည်းရိုးရဲ့ အရှေ့မှာ စိုက်ထူထားတဲ့ ဆိုင်းဘုတ်တွေက 'ပန်းစုံတောကျေးရွာ' ဆိုတဲ့ ဆိုင်းဘုတ်နဲ့ 'ပန်းစုံတော၏ တဘောင်' ဆိုတဲ့ ဆိုင်းဘုတ် ဆိုတာတွေကိုလဲ သိလာရတယ်။

"အသက်ကြီးတော့ မျက်စိက မွဲပြီ"

ဆံရှည်မြင့်သန်းကို သွားတွေကြားကနေ လေထွက်နေတဲ့ ရယ်သံမျိုးနဲ့ ပြောရင်း အဘွားက ဆိုင်းဘုတ်တွေ အနားကို ကပ်သွားတယ်။ အဝေးက မြင်နေရတုန်းကတော့ ဆိုင်းဘုတ်တွေက အနက်ရောင် နောက်ခံပေါ်က အဖြူရောင် စာလုံးတွေကြောင့် သစ်လွင်နေသလိုပဲ။ ဒါပေမဲ့ နီးကပ်လာတာနဲ့အမျှ မှိန်ဖျော့သွေ့ခြောက်နေတဲ့ အရောင်နဲ့ ဟောင်းမြင်းနေတဲ့ သစ်သားအခံက ပိုပြီး သိသာလာတယ်။ တချို့စာလုံးတွေကဆို ဆေးသား တပိုင်းတစတောင် ကွာချင်သလို ဖြစ်နေပြီ။ ဒီလိုနဲ့ အဘွားက သူ့ရဲ့မျက်လုံးတွေကို အားစိုက်ပြီး ပန်းစုံတောကျေးရွာ ဆိုတဲ့ စာလုံးအောက်က စာကြောင်းကို ဖတ်တယ်။

"---- ခုနှစ်တွင် စတင် တည်ထောင်သည်"

ရွာတည်သက္ကရာဇ်ကို ဖော်ပြတဲ့ စာတန်းပေမဲ့ တည်ထောင်တဲ့ခုနှစ် နေရာမှာ ဂဏန်း မပါဘူး၊ ကွက်လပ် ဖြစ်နေတယ်။ အဲဒီကွက်လပ်ကို မြင်တော့ ဘာလို့ကွက်လပ် ဖြစ်နေတာလဲလို့ ဖိုးနီ တွေးမိတယ်။ အဲဒီလိုပဲ အဘွားရဲ့ စိတ်ထဲမှာလဲ ဟင်လို့ အာမေဋိတ်သံတခု ထွက်လာတာကို ဖိုးနီ ကြားရတယ်။ အဲဒီနောက် အဘွားက "ခုနှစ်က ဘာဖြစ်လို့ ကွက်လပ်ဖြစ်နေတာလဲ" လို့ ဆံရှည်မြင့်သန်းကို ပါးစပ်က ထုတ်မေးလိုက်တယ်။

"ပျက်နေတာ အတော်ကြာပြီ၊ ဘယ်သူမှ အဲဒီခုနှစ်ကို မသိဘူး"


mgyoe.com

ဆံရှည်မြင့်သန်းက အဘွားရဲ့ မေးခွန်းကို မထူးဆန်းတဲ့ဟန်နဲ့ ပြန်ဖြေတယ်။ အဘွားက အဓိက အချက်မှ ပျက်ရတယ်လို့ ဆိုပြီး တကိုယ်ရေစကား ဆိုတယ်။ နောက်တော့ အဘွားရဲ့ မျက်လုံးတွေက ရွာအမည် ဆိုင်းဘုတ်ရဲ့ နံဘေးမှာ စိုက်ထားတဲ့ တခြားဆိုင်းဘုတ်ဆီကို ရောက်သွားတယ်။ ထိပ်တည့်တည့်မှာ 'ပန်းစုံတော၏ တဘောင်' ဆိုပြီး ရေးထားတဲ့ ဆိုင်းဘုတ်က ရွာအမည်ကို ရေးထားတဲ့ ဆိုင်းဘုတ်လိုပဲ သစ်သားနဲ့ လုပ်ထားတယ်။ ခေါင်းစီးစာလုံးရဲ့ အရွယ်က ရွာနာမည်ကို ရေးတဲ့ စာလုံးလောက် မကြီးဘူး။ ရွာတည်ခုနှစ် စာတန်းကို ရေးတဲ့ စာလုံးလိုလဲ မသေးဘူး။ လွယ်လွယ်ကူကူ ဖတ်လို့ ရတယ်။ ဒါပေမဲ့ အဲဒီခေါင်းစီးအောက်က စာတန်းကတော့ ခုနှစ်စာတန်းကို ရေးတဲ့ စာလုံးအောက် သေးတဲ့အရွယ်နဲ့ ရေးထားတာ။ ဒီတော့ အမြင်ချို့တဲ့နေပြီ ဖြစ်တဲ့ အဘွားအတွက် လွယ်လင့်တကူ ဖတ်လို့ မရဘူး။

"စာလုံးတွေက သေးလိုက်တာ၊ အသက်ကြီးတော့ မျက်စိက မွဲပြီ၊ ဘယ်ဖတ်နိုင်တော့မလဲ"

သေးသေးစိပ်စိပ် ရေးထားတဲ့ စာတွေကို မြင်တော့ အဘွားက အဲဒီလို ထပ်ပြောတယ်။ အဘွားရဲ့ စကားကို ကြားတော့ ဆံရှည်မြင့်သန်းက ဘာကြောင့်မှန်း မသိဘဲ၊ အဓိပ္ပါယ်မဲ့ ဟက်ခနဲ ရယ်တယ်။ ပြီးတော့ "တဘောင်ပါဗျာ၊ တဘောင်ပါ၊ ရွာကို တည်ထောင်ခဲ့တဲ့သူက ရေးခဲ့တယ်လို့ ပြောကြတာပဲ၊ ဟုတ် မဟုတ်တော့လဲ မသိကြပါဘူး၊ ပြီးတော့ အဓိပ္ပါယ်လဲ ဘယ်သူမှ နားမလည်ကြပါဘူး" လို့ ပြောတယ်။ အဲဒီနောက်တော့ အဘွားက စာကို အားစိုက်ဖတ်ဖို့ မကြိုးစားတော့ဘူး။ ဆံရှည်မြင့်သန်းရဲ့ စကားကိုပဲ နားထောင်နေတယ်။ ဒါပေမဲ့ ဖိုးနီကတော့ စိတ်မလျှော့ဘူး။ ဘုတ်ပြားပေါ်မှာ မြင်နေရတဲ့ စာတွေကို စူးစိုက်ကြည့်ပြီး မရရအောင် ဖတ်ဖို့ ကြိုးစားတယ်။ အဘွားရဲ့ မျက်လုံးတွေကတဆင့် မြင်နေရတဲ့ စာတန်းတွေက ကနဦးတော့ ပုရွက်ဆိတ်တွေ တရွေ့ရွေ့ သွားနေသလိုပဲ၊ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရဘူး။ အဘွားရဲ့ မျက်လုံးတွေက အတော် မွဲနေပြီပဲလို့ ဖိုးနီ တွေးမိတယ်။ ကြည့်ရတာ သူလဲ ဒီစာကို ဖတ်လို့ ရတော့မယ် မထင်ဘူးပေါ့။ အဲဒီအချိန် ဘာဖြစ်တယ် မသိဘူး။ တော်ပြီ၊ မဖတ်တော့ဘူးလို့ တွေးလိုက်တဲ့ အချိန်ခဏအတွင်းမှာပဲ စာလုံးတွေ ရုတ်တရက် ကြီးလာပြီး ဖတ်လို့ ရသွားတယ်။

*'ပန်းစုံတောသို့ ရောက်လာသူ မှန်သမျှသည် မည်သည်ကိုမျှ ကြောက်လန့်စရာ မလို၊ ဘေးကင်းစွာ နေနိုင်သည်။ သို့သော် အာဏာရှင် ခြောက်ပါး၏ အုပ်စိုးမှု*



mgyoe.com

mgyoe.com
SAMPLE BOOK


*အောက်တွင်သာ လုံးဝ နေထိုင်ရမည် ဖြစ်ပြီး တစိုးတစိမျှပင် ဆန့်ကျင် တွန်းလှန်ခြင်း မရှိစေရ။ အကယ်၍ တဦးတယောက်သည် ပန်းစုံတောအတွင်း၌ နေထိုင်ပြီး အာဏာရှင်များအား တွန်းလှန်နိုင်သည် ဆိုပါက ထိုသူ ရောက်ရှိပြီး မကြာခင်အချိန်၌ ပန်းစုံတောသည် လုံးဝဥဿုံ ပျက်စီးလိမ့်မည်။ ထိုကာလအတွင်း ပန်းစုံတော၌ နေထိုင်နေသူများထဲမှ တဦးသာလျှင် အသက်ရှင်သန် ကျန်ရစ်မည်။ ထိုအဖြစ်အပျက်မှာ ပန်းစုံတောအား တည်ထောင်ပြီးနောက် နှစ်ပေါင်း တထောင်အကြာတွင် ဖြစ်လိမ့်မည်'*

ရေးထားတဲ့ စာက ခပ်ဆန်းဆန်းပဲ။ တဘောင်တွေရဲ့ ထုံးစံအတိုင်း အဓိပ္ပါယ်ကို လုံးကောက် တည့်မရေးဘူး။ ဖတ်နေရင်းနဲ့ပဲ အာဏာရှင်ခြောက်ပါး ဆိုတာ ဘယ်သူတွေလဲ၊ ရွာက နှစ်ပေါင်း တထောင်ကြာရင် ပျက်မယ် ဆိုတော့ အဲဒါက ဘယ်တော့ ပြည့်မှာလဲ၊ ဟိုဘုတ်ပြားမှာ ရေးထားတဲ့ ရွာတည်ခုနှစ်က ပျက်နေတော့ ဘယ်လို သိတော့မလဲနဲ့ မေးခွန်းတွေ တခုပြီး တခု ဖိုးနီ တွေးမိတယ်။ စာပိုဒ်ရဲ့အဆုံး အောက်တကြောင်းမှာ 'နီဝင်း၊ ပန်းစုံတောကို တည်ထောင်သူတဦး' လို့ ရေးထားတာကိုလဲ ဖတ်ရတယ်။ ကြည့်ရတာ အဲဒီ နီဝင်း ဆိုတဲ့သူက အခုတဘောင်ကို ပြောခဲ့တဲ့ သူများလားပေါ့။ အဲဒီလို တွေးနေတုန်းမှာပဲ 'ရွာ စတည်ပြီး နှစ်ပေါင်းတထောင် ကြာရင် ဒီရွာ ပျက်မတဲ့ဗျ' လို့ ဆံရှည်မြင့်သန်းက ပြောပြီး အဲဒီစကားကို အင်းထောက်လိုက်တဲ့ အဘွားရဲ့ အသံက ဖိုးနီရဲ့ နားထဲကို ဝင်လာတယ်။

"ဒါပေမဲ့ သိကြတဲ့တိုင်း ရွာကို ဘယ်တုန်းက တည်တယ် ဆိုတာ ဘယ်သူမှ မသိကြဘူးလေ"

ဆံရှည်မြင့်သန်းက စကားဆက်တော့ အဘွားက 'ငါတို့ရွာတော့ ပျက်ခဲ့ပြီ' လို့ မီးလောင်သွားတဲ့ ရွာကို သတိရတယ်။

အဲဒီနောက်တော့ နှစ်ယောက်က ရွာဝင်ပေါက်ကို ဖြတ်ပြီး အတွင်းကို ဝင်ခဲ့ကြတယ်။ လမ်းတွေက လူကြီးခြေလှမ်း သုံးလှမ်းစာလောက်ပဲ ကျယ်တဲ့ ခပ်ကျဉ်းကျဉ်း လမ်းတွေ။ မြေသားအညီမှာ အုတ်ခဲကျိုးတချို့ ထိုးထိုးထောင်ထောင် ပေါ်နေပြီး ကျကျနန ခင်းထားတဲ့ လမ်းတွေနဲ့ မတူဘူး။ တထွာသာသာ မြေသားပြောင်ပြောင်ရဲ့ ဘေးဘီဝဲယာမှာ ရှိတဲ့ မြက်ပင်စိမ်းစိမ်းတွေက လမ်းကို အသုံးပြုသူ နည်းပါးတဲ့အကြောင်း တနည်းတဖုံ ပြောပြနေတယ်။ အဘွားနဲ့ ဆံရှည်မြင့်သန်းတို့ နှစ်ယောက် အဲဒီလမ်းအတိုင်း လျှောက်ခဲ့ပြီး လမ်းချိုးတွေက အဘွားရဲ့ခြေလှမ်းတွေကို ဦးဆောင် ခေါ်ငင်သွားတယ်။ လမ်းတဖက်တချက် လူနေအိမ်တွေက အဘွားရဲ့


mgyoe.com

မျက်လုံးတွေကို သူတို့ကို စူးစမ်းစေ့ငုဖို့ ဆွဲခေါ်နေတယ်။ အိမ်တွေက ကြမ်းခင်းထရံကာ၊ သက်ငယ် မိုးထားတာ။ မကြီးဘူး။ ဆယ့်ငါးပေပတ်လည် အခန်းတခန်းကို အိမ်တလုံး ဖွဲ့ပြီး အဲဒီလိုအိမ်မျိုး လေးအိမ်ကို ကျောချင်းကပ်၊ ဘေးချင်းရပ်ပြီး တစုတွဲထားတာ။ အိမ်တွေရဲ့ အရှေ့ မျက်နှာစာကို အနီ၊ အစိမ်း၊ အဝါ၊ လိမ္မော်၊ အပြာစတဲ့ ရောင်စုံ တာလပတ်စတွေနဲ့ ကာထားပြီး အဲဒီ တာလပတ်စတွေကို အထက်ကို ညီညီညာညာ ပင့်တင်ထားပုံက လေးအိမ်တတွဲ အိမ်စု တခုစီက ပွင့်ချပ်လေးခုပါတဲ့ ပန်းပွင့် တပွင့်စီလိုပဲ။ အိမ်တွေကြားက ဖြတ်သွားတဲ့ လမ်းကျဉ်းတွေက အဲဒီ တာ-လပတ်စရဲ့ အရိပ်အောက်က ဖြတ်သွားရတော့ ပန်းစုံတောရဲ့ လမ်းတွေက ပန်းပွင့်ဖတ်တွေကြား လမ်းလျှောက်နေရသလိုပဲ။

လမ်းတလျှောက် အိမ်တွေပေါ်မှာ ထိုင်နေတဲ့ လူတွေရဲ့ ပုံရိပ်နဲ့ လမ်းဘေးမှာ ဆော့ကစားနေကြတဲ့ ကလေးတွေရဲ့ ပုံရိပ်တွေက အဘွားရဲ့ မျက်လုံးထဲကို အဆက် မပြတ် ဝင်လာကြတယ်။ အော်သံ၊ ဟစ်သံ၊ ဆဲသံ၊ ဆိုသံ၊ ရန်ဖြစ်သံတွေကလဲ အဘွား ရဲ့ နားထဲကို တချက်တချက် တိုးဝင်လာတယ်။ တချို့အိမ်တွေရဲ့ အရှေ့မှာ ဟောင်းနွမ်း စုတ်ပြတ်နေတဲ့ အဝတ်တချို့ လှမ်းထားတယ်။ တချို့အိမ်တွေကတော့ ဟာလာဟင်းလင်း ဖြစ်နေပြီး နေသူကို မတွေ့ရဘူး။ အိမ်ရဲ့ ထောင့်တနေရာမှာ ခေါက်သိမ်းပြီး ကပ်ထားတဲ့ သနားစဖွယ် အိပ်ရာ တခုတလေကိုပဲ ထီးတည်း မြင်ရတယ်။ အဘွားနဲ့ ဆံရှည်မြင့်သန်းတို့ နှစ်ယောက်က အကွေ့တွေကို တကွေ့ပြီး တကွေ့ ကွေ့တယ်။ လမ်းချိုး တွေကို တခုပြီးတခု ချိုးတယ်။ တနေရာကို ရောက်တော့ ဆံရှည်မြင့်သန်းက သူ့ရဲ့ ခြေလှမ်းတွေကို ရပ်တန့်ပြီး ဒီအိမ်ပဲလို့ ပြောလိုက်တယ်။ အဲဒီစကားသံက မနှေးမမြန် လျှောက်နေတဲ့ အဘွားရဲ့ ခြေထောက်တွေကို တုံ့ခနဲ ဆွဲရပ်တယ်။ ကျေးဇူးတင် စကား ပြောရမှာပဲ ဆိုတဲ့ အတွေးက အဘွားရဲ့ စိတ်ထဲ ပေါ်လာတယ်။ ပြီး အဲဒီစိတ်က စေခိုင်းတဲ့အတိုင်း အဘွားက ဆံရှည်မြင့်သန်းကို ကျေးဇူးတင်ပါတယ်လို့ ပြောလိုက် တာကို ဖိုးနီ ကြားရတယ်။ အဲဒီနောက်တော့ ဆံရှည်မြင့်သန်းက သွားပါဦးမယ်လို့ နှုတ်ဆက်ထွက်သွားပြီး အဘွား တယောက်တည်း လမ်းပေါ်မှာ ထီးတည်း ကျန်ခဲ့ တယ်။

ငါ့အိမ်ပဲလို့ တကိုယ်ရေ ပြောလိုက်ပြီးတဲ့နောက် အဘွားက အိမ်ခန်းကို အရှေ့ တည့်တည့်ကနေ စေ့စေ့ကြည့်တယ်။ အဲဒီတုန်း သုံးထစ်ပဲ ရှိတဲ့ သစ်သား လှေကားက အဘွားကို အိမ်ပေါ်တက်ဖို့ ဖိတ်ခေါ်တယ်။ အဲဒီဖိတ်ခေါ်မှုက အဘွားရဲ့ ဦးနှောက်ကတဆင့် ခြေထောက်တွေဆီကို ရောက်သွားတာ ဖိုးနီ သတိထားမိလိုက်



mgyoe.com

mgyoe.com SAMPLE BOOK

တုန်းမှာပဲ အဘွားရဲ့ခြေထောက်တွေက စိတ်ရဲ့စေခိုင်းချက်အတိုင်း ကွေးတဲ့၊ ဆန့်တဲ့ အမူကို ပြုပြီး အိမ်အပေါ်ကို တက်နေပြီ။ တကျိုကျို မြည်နေတဲ့ ကြမ်းခင်းက အဘွားကို အိမ် ဆိုတဲ့အသိ ခံစားစေတယ်။ ပြီးတော့ သယ်မထားတဲ့ အထုပ်တွေကို အောက်ချဖို့ ပြောတယ်။ အဘွားက သူ့ရဲ့ကျော၊ ခေါင်းနဲ့ လက်ပေါ်က အထုပ်တွေကို အောက်ကို ချလိုက်တယ်။ အဲဒီနောက်မှာတော့ အဘွားရဲ့ ခေါင်းထဲ သားချေကို ပြန်ထုတ်ရမယ် ဆိုတဲ့အတွေး ဝင်လာတာကို ဖိုးနီ တွေ့လိုက်ရတယ်။ သူ အပြင်ကို ပြန်ရောက်တော့မယ်၊ တကယ် ဝမ်းသာစရာပဲ၊ ဒါနဲ့ အဘွားက သူ့ကို ဘယ်လို အပြင်ပြန်ထုတ်မှာလဲ။ တွေးရင်း အဘွားရဲ့ အတွေးတွေကို ဖိုးနီ မမှိတ်မသုန် ကြည့်တယ်။ အဘွားရဲ့ ခေါင်းထဲမှာ အတွေးတွေ လူးလွန့်နေတာကို ဖိုးနီ မြင်နေရတယ်။ အခုကာလ မတိုင်ခင် ဖြစ်ပျက်ခဲ့တာတွေနဲ့ လက်ရှိ အခြေအနေ။ ရွာကနေ ထွက်လာတဲ့ လမ်းခရီးနဲ့ ထူးဆန်းတဲ့ အဖြစ်အပျက်တွေ။ စဉ်းစားရင်းကပဲ သူ့ပါးစပ်ကနေ တောင့်တပြီး အခြေအနေတွေ ပြောင်းလဲသွားတာကို အဘွား တွေးတယ်။ ပြီးတော့ လက်ရှိ အခြေအနေကနေ နဂိုအတိုင်း ပြန်ထွက်ဖို့အတွက် ပါးစပ်ကနေ တောင့်တရမှာပဲလို့ ဆင်ခြင်တယ်။ အဘွားရဲ့ ကိုယ်ထဲက အတွေးတွေကို တွေ့တော့ ဖိုးနီရဲ့ စိတ်ထဲ ဟုတ်သလိုလိုပဲ၊ အဘွား တွေးတာ မှန်သားပဲလို့ တွေးမိတယ်။ ပြီး အဘွား တွေးတဲ့အတိုင်း ဖြစ်ပါစေလို့ စဉ်းစားနေတုန်းမှာပဲ အဘွားရဲ့ ပါးစပ်ကနေ 'သားချေရဲ့ နဂိုပုံစံအတိုင်း ပြန်ဖြစ်ချင်တယ်' လို့ အော်ပြောတာကို ဖိုးနီ ကြားလိုက်ရတယ်။

နားထဲမှာ အဘွားရဲ့ အော်သံကို ဖိုးနီ ကြားတယ်။ ပြီးတော့ မကြာခင် မူလ အနေအထားကို ပြန်ရောက်သွားမယ်လို့ ဖိုးနီ ထင်လိုက်တယ်။ ဒါပေမဲ့ အချိန်အတော်ကြာတဲ့အထိ ဘာမှ မထူးခြားဘူး။ ဒီလိုနဲ့ ဟင်...၊ မပြောင်းပါလား ဆိုတဲ့ အတွေးနဲ့ ဘာလို့လဲ ဆိုတဲ့ ထိတ်ခနဲ စိုးရိမ်စိတ်က အဘွားနဲ့ ဖိုးနီရဲ့ ခေါင်းထဲကို ပြိုင်တူနီးပါး တွန်းထိုးပြီး ဝင်လာကြတယ်။

ဖိုးနီက အဘွားရဲ့ ရင်ဘတ်အိတ်ထဲကို ရောက်နေတယ်။ အဲဒီအတွက် စိုးရိမ်ပူပန်တာ၊ ဆုတောင်းတာက လွဲပြီး တခြား ဘာမှ လုပ်လို့မရဘူး။ အဘွား လုပ်တာကိုပဲ ဒီအတိုင်း ထိုင်ကြည့်နေရတယ်။ အဘွားကတော့ လှုပ်ရှားနိုင်တယ်။ အော်နိုင် ဟစ်နိုင်၊ စကားပြောနိုင်တယ်။ ဒါပေမဲ့ အဖြစ်အပျက်တွေ ဘယ်လို အကြောင်းကြောင့် ဖြစ်လာတယ် ဆိုတဲ့ ဇစ်မြစ်နဲ့ အဲဒါကို ပြန်ပြင်ဖို့ ဘယ်လို လုပ်ရမယ် ဆိုတဲ့ ပြဿနာရဲ့ အဖြေကို မသိဘူး။ အဲဒီအတွက် သူ့ကိုယ်ထဲကို ဆောင့်ဝင်လာတဲ့ စိုးရိမ်စိတ်က စေခိုင်းတဲ့အတိုင်း 'ပြန်ဖြစ်ပါ၊ သားချေရဲ့ နဂိုပုံစံအတိုင်း ပြန်ဖြစ်ပါ' ဆိုတဲ့


mgyoe.com

mgyoe.com SAMPLE BOOK

စကားကိုပဲ ပါးစပ်ကနေ ထပ်တလဲလဲ ရေရွတ်တယ်။ အချိန်တွေက ရှတ်ချည်း ဆို သလိုပဲကုန် သွားတယ်။ အခြေအနေက ဘာမှ မထူးလာဘူး။ နှစ်ယောက်လုံးရဲ့ ရင်ထဲက စိုးရိမ် စိတ်တွေက ပိုပိုပြီးတော့ ကြီးလာတယ်။ ဘာကြောင့် သူ နဂိုအတိုင်း ပြန်မဖြစ်တာလဲ၊ ဖိုးနီ စိတ်ထဲမှာ အလန့်တကြား တွေးမိတယ်။ သူ ဘယ်နေရာမှာ မှားနေတာလဲ၊ အဘွားကလဲ သူ့ကိုယ်သူ တကိုယ်ရေ မေးခွန်းထုတ်တယ်။ အဲဒီ နောက်တော့ ဘာမှ မတတ်နိုင်တဲ့ ဖိုးနီက ဒီအတိုင်း ရှိနေပေမဲ့ အဘွားက သူ့ရင် ထဲမှာ ဖြစ်လာတဲ့ စိုးရိမ် စိတ်က စေခိုင်းတဲ့အတိုင်း ပူပန်မှု အပြည့်ပါတဲ့ အသံနဲ့ ကျယ်ကျယ်လောင်လောင် အော်ဟစ်လိုက်တယ်။ ဒီလိုနဲ့ လူတအုပ်က ဖိုးနီတို့အိမ်ရှေ့ လမ်းပေါ်ကို ရှတ်ခနဲ ရောက်လာတယ်။

"အော်သံ ကြားလိုက်လို့"

တယောက်က ပြောတယ်။

"ဘာဖြစ်တာလဲ"

တယောက်က မေးတယ်။

"ပြောပြပါဦး"

တယောက်က တိုက်တွန်းတယ်။

စကားသံတွေက အဘွားရဲ့ နားထဲကို တယောက်တပေါက် ဝင်လာကြတယ်။ အဲဒီနောက် အဲဒီအသံတွေက တိုက်တွန်းတဲ့အတိုင်း အဘွားက ဇာတ်လမ်းစုံ ပြန် ခင်းတယ်။ ရွာကနေ ထွက်လာတာ၊ ရွာ မီးလောင်တာ၊ အလင်းတချက် ဝင်းခနဲ လက်ပြီး မိုးကြိုးသံနဲ့ တူတဲ့အသံကို ကြားရတာ၊ ပြီးတော့ ပါးစပ်က ပြောတဲ့အတိုင်း လူတွေ ပြောင်းလဲကုန်တာ၊ အဘွားက သူ့စိတ်ထဲမှာ ပေါ်လာတဲ့ အဖြစ်အပျက်တွေ အကုန်လုံးကို တခုပြီး တခု ပြောတယ်။ နောက်တော့ သူ့ရဲ့ ရင်ခွင်အိတ်ထဲကို သူ့မြေး၊ ဖိုးနီ ရောက်သွားတာ၊ အခု နဂိုအတိုင်း ပြန်ထုတ်ဖို့ လုပ်ပေမဲ့ မရတာကို ပြောပြီး အဆုံးသတ်တယ်။

"ကျွန်မက ဒီရွာက ဆေးဆရာမပဲ"

'ဩော်'၊ 'ဟုတ်သလား'၊ 'ပြောပါဦး'၊ 'အင်း' ဆိုတဲ့ စကားထောက်သံတွေကို ကျော်လွန်ပြီး အဘွားရဲ့ နားထဲကို အသံတသံ ဝင်လာတယ်။

"ကျွန်မနာမည် မခြသေ့တဲ့၊ အခု ရှင် ဖြစ်နေတဲ့ ပြဿနာကို ကျွန်မ ကူညီ ပေးနိုင်မယ်လို့ ထင်တာပဲ"

အသံရှင်က သက်လတ်ပိုင်းအရွယ် မိန်းမတယောက်ပဲ။ အသံက ကြေး


mgyoe.com

mgyoe.com SAMPLE BOOK

စည် တုန်ခါတဲ့အသံနဲ့ ဆင်တူတယ်။ ဒါပေမဲ့ စကားလုံး တလုံးချင်းကို ပီပီသသ၊ အနိမ့်အမြင့် လေယူလေသိမ်းနဲ့ ပြောတတ်တော့ နားဝင် မဆိုးဘူး။

"ကျွန်မအမြင် အခု ရှင့်ကိုယ်ထဲမှာ ပူလောင်နေတယ်၊ အဲဒီအတွက် အဲဒီ ပူနေတာတွေ အေးသွားအောင် ညသန်းခေါင် အချိန်တွေမှာ ကျတဲ့ နှင်းခဲကို စားသင့်တယ်၊ အဲဒါအပြင် ကျွန်မတို့ရဲ့ တနင်္ဂနွေ စကားပိုင်းကိုလဲ ရှင် လာသင့်တယ်"

အဲဒီမိန်းမရဲ့စကားတွေကို နားထောင်ရင်း ဒီမိန်းမ ဘာတွေ ပြောနေတာလဲ မသိဘူးလို့ ဖိုးနီ တွေးမိတယ်။ သူ့ရဲ့ ကိုယ်ပိုင်အတွေးအရ အဲဒီမိန်းမရဲ့စကားတွေက အဓိပ္ပါယ် မရှိဘူးလို့ ဖိုးနီ ထင်တယ်။ ဒါပေမဲ့ အဘွားက အဲဒီလို မတွေးဘူး။ မခြသေ့ရဲ့စကားတွေက အဘွားရဲ့ဦးနှောက်ထဲကို ခါးချွန်နဲ့ ထိုးစိုက်လိုက်သလိုပဲ။ အဘွားက ကြားသမျှ စကားတိုင်း တွေးတောဆင်ခြင်ခြင်း မရှိဘဲ လက်ခံတာကို မြင်နေရတယ်။ အဲဒါအပြင် 'ညသန်းခေါင်မှာ ကျတဲ့နှင်းခဲ'၊ 'တနင်္ဂနွေစကားပိုင်း' ဆိုတဲ့ စကားတွေကိုလဲ မေ့သွားမှာ စိုးသလို အနောက်ကနေ တတွတ်တွတ် လိုက်ရွတ်နေတာကိုလဲ ဖိုးနီ ကြားနေရတယ်။ သားချေကို နဂိုအတိုင်း ဖြစ်အောင် ပြန်လုပ်ရမယ့် နည်းတွေလို့လဲ တကိုယ်ရေစကား ဆိုတယ်။ 'ကိုယ်ထဲမှာ အပူတွေ များနေတာတဲ့' လို့လဲ အဆက် မပြတ် ပြောတယ်။ အဓိပ္ပါယ် မရှိတာတွေလို့ ဖိုးနီက ပြောပေမဲ့ အကြောင်း မထူးဘူး။ နောက်ဆုံး 'ငါ လာခဲ့ပါ့မယ်' လို့ အဘွားက မခြသေ့ကို ကတိပေးတာ ဖိုးနီ ကြားလိုက်ရတယ်။

အချိန်က တဖြည်းဖြည်း ကုန်ဆုံးသွားတယ်။ လူအုပ်က တဖြည်းဖြည်း ကျဲသွားပြီး ဘယ်သူမှ မရှိတော့ဘူး။ အဘွားကတော့ နေရာ မရွှေ့သေးဘူး။ အထုပ်တွေ ချထားတဲ့ ကြမ်းပြင်ပေါ်မှာ အချိန် အတော်ကြာတဲ့အထိ ငုတ်တုတ် ထိုင်နေတယ်။ ဖိုးနီက ဖြစ်ပျက်ခဲ့သမျှ အဖြစ်အပျက်တွေအတွက် ကြံရာမရ ဖြစ်နေတယ်။ အပြင်ကို မထွက်နိုင်တဲ့အတွက် မကျေနပ်ဘူး။ ဒီအတိုင်းပဲ ထိုင်နေတော့မှာလား၊ တခုခု လုပ်ပါလား၊ အဘွားကြောင့် ဒီလို ဖြစ်ရတာပဲနဲ့ အဘွားကို တတွတ်တွတ် အပြစ်တင်နေမိတယ်။ ဒါပေမဲ့ အဲဒီ ပြောသမျှ၊ အပြစ်တင်သမျှ စကားတွေက အဘွားရဲ့ အာရုံမှာ မပေါ်ဘူး။ အဘွားကို တခုခု လှုပ်ရှားအောင် မနှိုးဆွနိုင်ဘူး။ ဒီလိုနဲ့ အချိန်တွေ ကုန်သွားပြီး ဖိုးနီရဲ့ စိတ်ထဲက ပြောချင်၊ ဆိုချင်နေတာတွေက တဖြည်းဖြည်း ကုန်ခန်းသွားတယ်။ နောက်တော့ တော်ပြီ မပြောတော့ဘူးလို့ စဉ်းစားပြီး ဖိုးနီ တိတ်သွားတယ်။

ပတ်ဝန်းကျင်မှာ နေရောင်ကို မမြင်ရတော့ဘူး။ မီးပွင့်တွေက ဟိုဒီနေရာ


mgyoe.com

ကနေ တလက်လက် ပေါ်ထွက်လာတယ်။ အဲဒီအချိန် ဗိုက်ဆာလိုက်တာ ဆိုတဲ့ ဆန္ဒ တခုက ငြိမ်သက်နေတဲ့ အဘွားရဲ့ စိတ်ထဲကို ဝင်လာတယ်။ ပြီး စားဖို့ တခုခု လုပ်ရမယ် ဆိုတဲ့ အတွေးကို ဖြစ်စေပြီး အဘွားကို ရုပ်သေးရုပ် ကြိုးဆွဲသလိုမျိုး ထိုင်နေရာကနေ ဆွဲထလိုက်တာ ဖိုးနီ မြင်ရတယ်။ အဲဒါကို တွေ့တော့ ဖိုးနီရဲ့ စိတ်ထဲက ငြိမ်သက်နေတဲ့ မကျေနပ်စိတ်က ပြန်ပြီး ကြီးထွားလာတယ်။ သူ့အတွက်တော့ သူ သိတယ်လို့လဲ အဘွားကို ငြူစူသလို တွေးတယ်။ ဒါပေမဲ့ အဘွားကတော့ ဖိုးနီ အဲဒီလို ငြူစူတာကို မသိဘူး။ တခုခု လုပ်ရမယ်၊ တခုခု လုပ်ရမယ် ဆိုတဲ့ တကိုယ်ရေ စကားကို စိတ်ထဲ တတွတ်တွတ် ရေရွတ်ပြီး ဘာလုပ်ရင် ကောင်းမလဲလို့ သူ့ကိုယ်သူ မေးတယ်။ အဲဒီအချိန် လေ့ကားထစ်တွေက အဘွားရဲ့ မျက်လုံးထဲ ဝင်လာပြီး အိမ်အောက် ဆင်းဖို့ ပြောတာကို ဖိုးနီ တွေ့ရတယ်။ အိမ်အောက်ကို ဆင်းရမယ်၊ ပြီးရင် တခြားလူ တယောက်ယောက်ဆီမှာ အကူအညီ တောင်းရမယ်တဲ့။ အဘွား မြေပြင်ပေါ်ကို ရောက်သွားတယ်။ ဒါပေမဲ့ အကူအညီ တောင်းရမယ့် တယောက်ယောက်က ဘယ်သူ ဆိုတာ အဘွားရဲ့ ခေါင်းထဲ ပေါ်မလာဘူး။ ဒီလိုနဲ့ အချိန်အတော်ကြာတဲ့အထိ အဘွားက လမ်းပေါ်မှာ ကျောက်ရုပ် တရုပ်လိုမျိုး မတ်တတ်ရပ်နေတယ်။

"ဒေါ်မြကျေး"

အဘွားရဲ့နားထဲ ယောက်ျားသံတသံ ဝင်လာတာကို ဖိုးနီ ကြားလိုက်ရတယ်။ အဘွားက အသံကြားတဲ့ဘက်ကို လှည့်ကြည့်တော့ ဆံရှည်ကိုမှ သျှောင်တစောင်း ထုံးထားတဲ့ ယောက်ျားတယောက်ကို ဖိုးနီ တွေ့လိုက်ရတယ်။

"ညစာ စားနေရင်း ဒေါ်မြကျေးကို ရိက္ခာ မပေးလိုက်ရတာ သတိရလို့ ချက်ချင်း ထွက်လာတာ၊ အခုက ရိက္ခာကား မလာခင် စားနေဖို့ပေါ့၊ ပြောခဲ့သလိုပဲ ပုံမှန် ရိက္ခာကတော့ ရွာမှာ တလတခါ ထုတ်ပေးတယ်၊ မြို့ဘက်က ရိက္ခာလာပို့တဲ့ ကားတွေ လာတဲ့ရက်၊ အများအားဖြင့် လကုန်ရက်တွေပေါ့"

ယောက်ျားက အဘွားကို သိကျွမ်းပြီးသားဟန်နဲ့ ရင်းရင်းနှီးနှီး စကား ဆိုနေတယ်။ အဲဒီယောက်ျားကို စိုက်ကြည့်ရင်း အဘွားရဲ့ အတွေးထဲ ဒီလူကို မြင်ဖူးသလိုလိုပဲလို့ တွေးတာကို ဖိုးနီ တွေ့ရတယ်။ ဖိုးနီရဲ့ စိတ်ထဲမှာလဲ အဘွားလိုပဲ ခံစားနေရတယ်။ ဒါပေမဲ့ အဲဒီယောက်ျား ဘယ်သူ၊ ဘယ်ဝါ ဆိုတာ ဖိုးနီရဲ့ အတွေးထဲကော၊ အဘွားရဲ့ အတွေးထဲမှာပါ ရုတ်တရက် ပေါ်မလာဘူး။ ဒီလိုနဲ့ သူ့ကိုယ်ထဲ တလူလူ ထလာတဲ့ သိချင်စိတ်က မေးခိုင်းတဲ့အတိုင်း အဘွားက "စိတ် မရှိပါနဲ့၊ တော်က ဘယ်သူလဲ" လို့ အဲဒီယောက်ျားကို မေးလိုက်တယ်။



mgyoe.com

mgyoe.com SAMPLE BOOK

"ကျုပ်က ဆံရှည်မြင့်သန်းလေ"

ယောက်ျားက မရယ်မပြုံး၊ မထူးဆန်းတဲ့ မျက်နှာနဲ့ အဘွားရဲ့ အမေးကို ပြန်ဖြေတယ်။

■


mgyoe.com

mgyoe.com SAMPLE BOOK

၃။

ဖိုးနီ အိပ်ပျော်ရာက နိုးလာတော့ အဘွားက သူ့အိပ်မက်ထဲမှာ ကားနဲ့ ခရီးသွားပြီး ခုံပြဿနာ တက်နေတယ်။ အဘွားက တယောက်တည်း တခုံ၊ မီးလောင်သွားတဲ့ ဖိုးနီတို့ရွာက လင်မယားနှစ်ယောက်က (ရွာကမှန်း သိပေမဲ့ ဘယ်သူတွေမှန်း ဖိုးနီ မသိဘူး) နှစ်ခုံ ဖြစ်ရမှာကို အဲဒီလင်မယားက နှစ်ယောက် ပေါင်းမှ တခုံပဲ ဝယ်လာတယ်။ ပြီးတော့ အဘွားရဲ့ ခုံကို သူတို့ခုံ ဆိုပြီး လုတယ်။ ဖိုးနီ သိတော့ အဘွားက အဲဒီလင်မယားနဲ့ ကားပေါ်မှာ အပြန်အလှန် အော်ဟစ်ပြီး ဆဲဆိုနေကြပြီ။ အိပ်ရာနိုးနိုးချင်း အဲဒီအဖြစ်ကို တွေ့တော့ ဖိုးနီရဲ့စိတ်ထဲ ရုတ်တရက် ဘာပါလိမ့်လို့ ခဏလောက် နားမလည်နိုင် ဖြစ်နေတယ်။ ဖိုးနီရဲ့ အမြင်အရ အဘွားက အသက်ရှူ မှန်မှန်နဲ့ အိပ်မောကျနေတယ်။ ဒါပေမဲ့ အဘွားရဲ့ဦးနှောက်ထဲမှာက တကယ့်ရန်ပွဲကြီးတခု ဖြစ်နေတာ။ ဘာလဲ၊ အဲဒါ ဘာဖြစ်နေတာလဲ။ သူတို့ ရွာကနေ ထွက်ပြေးလာတုန်းက လိုမျိုး ထူးဆန်းတဲ့ကိစ္စတွေ ဖြစ်နေတာလားပေါ့။ နောက် ဖိုးနီ စဉ်းစားနေတုန်းမှာပဲ ဘယ်လို ဖြစ်သွားတယ် မသိဘူး။ အဘွားတို့ စီးလာတဲ့ ကားပေါ်က လူတွေက အကြောင်းတစုံတရာ မရှိဘဲနဲ့ ဆင်းကျန်နေခဲ့ကြတယ်။ ပြီးတော့ ဘယ်သူမှန်း မသိတဲ့ မိန်းမ တယောက်က အဘွားရဲ့ အပေါ်ဖုံးအင်္ကျီကို ယူပြီး ကားနံဘေးက သံတန်းမှာ ချည်တယ်။ ပြီး အရှိန်ပြင်းပြင်း မောင်းနေတဲ့ ကားနံဘေးမှာ စတန့် ဇာတ်ကားတွေထဲက ဇာတ်လိုက်လိုမျိုး တွဲလွဲခိုစီးတယ်။ ဟဲ့ ပြုတ်ကျမယ်လို့ အော်တဲ့သူလဲ မရှိဘူး။ အဲဒီအချိန်မှာတော့ အဘွား အိပ်မက် မက်နေတာကို ဖိုးနီ သိသွားပြီ။ အဘွားရဲ့ အိပ်မက်က ဘယ်လိုကြီးလဲ၊ ဘာလို့ ဒီလို အိပ်မက်ကို မက်တာလဲနဲ့ တွေးနေပြီ။ ဖိုးနီ တွေးနေတုန်းမှာပဲ ဘယ်လိုက ဘယ်လို ထပ်ဖြစ်တယ် မသိရဘူး။ အဘွားရဲ့ အိပ်မက်ထဲက ကားက မော်တော်တွေလိုမျိုး ရေထဲမှာ သွားနေတယ်။ ပြီးတော့ မိကျောင်းတကောင်က ရေထဲ ခေါင်းဖော်ပြီး ကားအနောက်ကနေ လိုက်နေတယ်။ ကားပေါ်က လူတွေက အဲဒီသတ္တဝါကို မိကျောင်း ဟုတ်၊ မဟုတ် ငြင်းနေကြ



mgyoe.com

တာ အကြာကြီးပဲ။ နောက်ဆုံး မိကျောင်းက လေထဲမှာ ပျံဝဲပြီး လူတွေကို တိုက်ခိုက်တော့မှ တကယ့်မိကျောင်းပဲလို့ လက်ခံပြီး ပြန်တိုက်ဖို့ ပြင်ကြသတဲ့။ ဒါပေမဲ့ ကားတစီးလုံးမှာမှ လက်နက်ဆိုလို့ ဓါးမ တလက်ပဲ ပါတာ။ အဘွားက အဲဒီဓါးမကို ဆွဲယူပြီး ကားပေါ် ရှေးခေတ် ဗိုင်နီဆောမျှား ပျံသလို ပျံတက်လာတဲ့ မိကျောင်းကို ခုတ်ဖို့ ကြိုးစားသတဲ့။

အိပ်မက်ထဲမှာ အဖြစ်အပျက်တွေက တခုပြီးတခု ဖြစ်ပျက်နေတယ်။ တခုကနေ တခြားတခုကိုလဲ လျင်လျင်မြန်မြန် ခုန်ကူးသွားတယ်။ ပထမတော့ ဖိုးနီရဲ့ စိတ်ထဲ အဘွားရဲ့ အိပ်မက်ကို နားလည်သလိုပဲ။ ဒါပေမဲ့ နောက်ပိုင်းကို ရောက်တော့ နားမလည်ဘူး ဖြစ်လာတယ်။ လူတွေ အများကြီး ကားပေါ်ကနေ ဘာလို့ ဆင်းသွားကြတာလဲ။ ဟိုမိန်းမက ဘာကြောင့် ကားနံဘေးမှာ တွဲလွဲခိုတာလဲ။ ကားက မော်-တော် အဖြစ်ကို ဘာလို့ ချက်ချင်းပြောင်းသွားတာလဲ။ အဘွား ကိုင်ထားတဲ့ ဓါးမက အဘိုး ချန်ထားခဲ့တဲ့ ဓါးမနဲ့ တူသလိုလိုပဲ။ မေးခွန်းတွေ မရပ်သလို ဖိုးနီရဲ့ အတွေးတွေကလဲ မရပ်ဘူး။ နောက်ဆုံးတော့ ဖိုးနီလဲ သူ ဘာမှ မတွေးတော့ဘူး၊ ဖြစ်ချင်တာဖြစ်စမ်း၊ ဒါက အိပ်မက်ပဲ၊ ဘာမှ စိုးရိမ်စရာ မလိုဘူး၊ အချိန်တန်ရင် ပြီးသွားလိမ့်မယ်၊ ပြီးရင် အဘွားလဲ အိပ်ရာကနေ နိုးလာလိမ့်မယ်လို့ သဘောပိုက်ပြီး ဖြစ်သမျှကို စောင့်ကြည့် နေလိုက်တယ်။

အဘွားရဲ့ အိပ်မက်ထဲမှာ မိကျောင်းက ကားပေါ်ကို လေးဘက်လေးတန်ကနေ တလွှားလွှား ပျံတက်နေတယ်။ အဘွားကလဲ ကားပေါ်ကို ပျံတက်လာတဲ့ မိ-ကျောင်းကို အဆက်မပြတ် ခုတ်နေတယ်။ နောက်တော့ အိပ်မက်ထဲက အဘွားက တဖြည်းဖြည်း မောဟိုက်လာပြီး မိကျောင်းကို ခုတ်နေတဲ့ ဓါးချက်တွေက တဖြည်းဖြည်း အားပျော့လာတယ်။ အဲဒါအပြင် အိပ်ပျော်နေတဲ့ တကယ့်အဘွားကလဲ သူ့အိပ်မက်ထဲကလိုမျိုး ရင်တလှပ်လှပ် တုန်ပြီး ချွေးသီးချွေးပေါက်တွေ ကန်ထွက်လာတယ်။ ကနဦးတော့ ဖိုးနီရဲ့ စိတ်ထဲ အိပ်မက်ပဲ၊ တချိန်ချိန် ပြီးသွားလိမ့်မယ်လို့ တွေးတယ်။ ဒါပေမဲ့ အဘွားက အဲဒီလို ထိတ်လန့်တုန်လှုပ်တဲ့ပုံ ပေါ်လာတာကို မြင်တော့ မနေနိုင်တော့ဘူး။ သူ့စကားကို အဘွား မကြားနိုင်တာ မေ့ပြီး 'အိပ်မက်လေ၊ အဘွား၊ အိပ်မက်ပဲ၊ ဘာမှ မဖြစ်ဘူး၊ နိုးရင် ပြီးသွားမှာ၊ နိုးရင် ပြီးသွားမှာ၊ အခု အိပ်တာကနေ နိုးလိုက်တော့' လို့ အစွမ်းကုန် အော်တယ်။ ဒါပေမဲ့ အဘွားက မနိုးဘူး။ ငါ ရှုံးသွားပြီ၊ မိကျောင်းကို မနိုင်တော့ဘူးလို့ တွေးပြီး အဲဒီ မိကျောင်းကို မောမောဟိုက်ဟိုက်ပုံနဲ့ စိုက်ကြည့်နေတယ်။ ပြီးတော့ စားချင်လဲ စားလိုက်ပါတော့လို့ အရှုံးပေးတဲ့ အတွေး



mgyoe.com

SAMPLE BOOK


တွေ တွေးနေတာကိုလဲ ဖိုးနီ မြင်နေရတယ်။ နောက်တော့ အိပ်မက်ထဲက အဘွားက အရိုး မရှိတဲ့သူလိုမျိုး ပုံကျသွားတယ်။ တချိန်တည်းမှာပဲ အပြင်မှာ အိပ်နေတဲ့ အဘွားကလဲ မီးအပူ မပေးရသေးတဲ့ ဂျုံချောင်းလို ပျော့ခွေကျသွားတာကို ဖိုးနီ သတိထားမိလိုက်တယ်။ အဲဒီနောက် တခုခု မှားနေပြီ ဆိုတဲ့ အတွေးက ဖိုးနီရဲ့ ခေါင်းထဲကို အလန့်တကြား ဝင်လာတယ်။ အဘွားက အိပ်မက် မက်နေရင်းကပဲ အသက်ရှူ ရပ်သွားတော့မလားပဲ၊ တဒိတ်ဒိတ် ခုန်နေတဲ့ အဘွားရဲ့ နှလုံးကလဲ အခုန်မြန်ပြီး ပေါက်ကွဲထွက်သွားတော့မလားလို့ ဖိုးနီရဲ့ စိတ်ထဲမှာ ထင်လာတယ်။ ဒီလိုနဲ့ စိုးရိမ် တာရယ်၊ အော်တာက လွဲပြီး ဘာမှ မလုပ်နိုင်တာရယ်၊ အဲဒီနှစ်ခု ပေါင်းပြီး ဖိုးနီ အဘွားကို မရပ်မနား အော်ခေါ်မိတယ်။

အချိန်က ခဏလေးပဲ။ ဒါပေမဲ့ ဖိုးနီရဲ့ စိတ်ထဲတော့ တအားကြာသလို ဖြစ်နေတယ်။ အိပ်မက်က လန့်နိုးလာတဲ့ အဘွားက ပထမတော့ အသိစိတ် မရှိသလို ဖြစ်နေတယ်။ အတွေးတွေက လေဟာနယ်လို ဖြစ်ပြီး ဗလာကျင်းနေတာ။ နောက်တော့ သူ အိပ်မက် မက်နေတာကို ချက်ချင်း သိသွားပြီး အရိုး မရှိသလို ပုံကျနေတဲ့ သူ့လက်တွေကို ရုတ်တရက် မလိုက်တယ်။ ပြီး တလှပ်လှပ် တုန်နေတဲ့ သူ့ရင်ဘတ်ကို ဖိပြီး ဘယ်လို ပေါက်ကရ အိပ်မက်ပါလိမ့်လို့ ရေရွတ်တယ်။ အိပ်မက်က ဘာ အဓိပ္ပါယ်လဲ၊ မနေ့က တနေ့လုံး ပင်ပန်းသွားလို့ မက်တာလားနဲ့ စဉ်းစားတယ်။ နောက်တော့ အဲဒီကနေ အခု ဘယ်နှနာရီ ထိုးပြီလဲ၊ မနက်စာ ချက်ရတော့မယ် ထင်တယ် ဆိုတဲ့ အတွေးတွေက အဘွားရဲ့ ခေါင်းထဲ တခုပြီး တခု ဝင်လာတာကို ဖိုးနီ တွေ့ရတယ်။ တော်သေးတာပေ့ါ၊ အိပ်မက်က နိုးလာပြီ၊ တော်သေးတာပေ့ါလို့ သူ ပြောနေတုန်းမှာပဲ ထရံကြားက တိုးဝင်လာတဲ့ မှုန်ပျပျ အလင်းတချို့က မိုးလင်းနေပြီ ဖြစ်တဲ့အကြောင်းနဲ့ အဘွားကို အိပ်ရာကနေ ထဖို့ ပြောလိုက်တာကို ဖိုးနီ ကြားရတယ်။ တဒေါင်ဒေါင် မြည်တဲ့ မနက်ခင်း နာရီခေါက်သံကလဲ အဘွားကို ရေစင်ဆီကို တွန်းပို့တယ်။ ဒီလိုနဲ့ မိနစ်အနည်းငယ်ကြာတော့ အဘွားက သူ့ရဲ့ မီးဖိုအသစ်မှာ မီးမွှေးနေပြီ။

တဟည်းဟည်း တောက်နေရာက မှိန်ကျသွားတဲ့ မီးတောက်၊ ထမင်းအိုး ဆူပွက်ရာက ထွက်လာတဲ့ တဗွက်ဗွက် အသံ၊ ထောင်းခနဲ ထွက်လာတဲ့ ဟင်းရည်နံ့၊ အဲဒီ အဆင်း၊ အသံ၊ အနံ့တွေက အဘွားရဲ့ အာရုံထဲကို တရစပ် ဝင်လာကြတယ်။ ပြီးတော့ အဘွားရဲ့ စိတ်ကို မီးထိုးလိုက်ပါလား၊ ထင်းကို ဆုတ်လိုက်ပါလား၊ ဟင်းအိုး အဖုံးကို ဖွင့်လိုက်ပါလားနဲ့ တခုပြီး တခု နိုင်းတယ်။ အဘွားက အဲဒီ နိုင်းစေတဲ့အတိုင်း


mgyoe.com